IWDA INTERNATIONAL WOMEN'S DEVELOPMENT AGENCY

အခရာ Akhaya WOMEN MYANMAR

မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား

လက်တွဲလမ်းပြခြင်း ရှေ့ပြေးစမ်းသပ်အစီအစဉ်မှ ရရှိခဲ့သည့်

သင်ခန်းစာများအပေါ် ပြန်လည်သုံးသပ်ခြင်း

၂၀၁၈ ခုနှစ် ဩဂုတ်လ

Australian Aid

WAVE WOMENS ACTION FOR VOICE AND EMPOWERMENT

Ministry of Foreign Affairs of the Netherlands

ဤအစီရင်ခံစာကို Newstone အပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံဝန်ဆောင်မှု (Newstone Global Consulting) မှ ရေးသားဒီဇိုင်းရေးဆွဲပါသည်။ ဤအစီရင်ခံစာတွင်ပါဝင်သောသတင်းအချက်အလက်များနှင့် အမြင်ရှုထောင့်များ အားလုံးအတွက် စာရေးသူတို့တွင်သာ အလုံးစုံတာဝန်ရှိပါသည်။ အစီရင်ခံစာတွင်အသုံးပြုထားသည့် သင်္ကေတ ရုပ်ပုံများအား Flaticon.com မှ Freepik နှင့် Smashicons တို့ကကူညီပေးထားပါသည်

အတိုကောက်စကားလုံးများ

ALP	Australian Labor Party
ANP	Arakan National Party
CSOs	Civil Society Organisations
DFAT	Department of Foreign Affairs and Trade
DIPD	Danish Institute for Parties and Democracy
EMILY's List	Australian not for profit organisation focusing on supporting Australian Labor Party progressive women candidates
FGD	Focus Group Discussion
GBV	Gender-Based Violence
IWD	International Women's Day
IWDA	International Women's Development Agency
KII	Key Informant Interview
MP	Members of Parliament
MSC	Most Significant Change
INGO	International Non-governmental Organisation
NGOs	Non-governmental Organisations
NLD	National League for Democracy
PoVAW	Prevention and Protection of Violence Against Women Bill
SNLD	Shan Nationalities League for Democracy
TNP	Ta´ang National Party
UNDP	United Nations Development Program
WAVE	Women's Action for Voice and Empowerment
WLB	Women's League of Burma

မာတိကာ

၀၁
အရေးကြီးအချက်များ
ခြုံငုံဖော်ပြခြင်း

၀၆
အဖွင့်မိတ်ဆက်

၀၇
သုတေသန နည်းလမ်း

၀၈
စာအုပ်စာတမ်း
လေ့လာချက်များမှ ရရှိသည့်
အရေးကြီး သင်ခန်းစာများ

၀၉
စီမံကိန်း၏ ပန်းတိုင်များ
အောင်မြင်ခြင်း

၁၄
မမျှော်လင့်ထားသော
အပြုသဘောဆောင်
ရလဒ်ကောင်းများ

၁၆
မမျှော်လင့်ထားသည့်
အနှုတ်သဘောဆောင်
ရလဒ်များ

၁၇
သင်ခန်းစာများ
(lessons learnt)

၂၆
အနာဂတ် စီမံကိန်းပုံစံများ

၂၈
အကြံပြုချက်များ

၂၉
ရည်ညွှန်းကိုးကားချက်များ

၃၀
အင်တာဗျူး
(တွေ့ဆုံမေးမြန်းသူ) စာရင်း

အရေးကြီးအချက်များ ခြုံငုံဖော်ပြခြင်း

ဤသင်ခန်းစာများအပေါ် လေ့လာသုံးသပ်မှု အတိုချုပ် အကျဉ်းချုပ် အစီရင်ခံစာသည် IWDA (International Women Development Agency) နှင့် အခရာအမျိုးသမီးအဖွဲ့တို့ လက်တွဲလုပ်ဆောင်သော မြန်မာအမျိုးသမီးလွှတ်တော်အမတ်များအား လက်တွဲလမ်းပြခြင်း ရှေ့ပြေးစမ်းသပ်အစီအစဉ်ကို ပြန်လည်လေ့လာသုံးသပ်ထားခြင်း ဖြစ်ပါသည်။ အချက်အလက်များကို ၂၀၁၈၊ ဇွန်လနှင့် ဇူလိုင်လတွင် လက်တွဲလမ်းပြမှု ခံယူသူများ (mentees)၊ လက်တွဲလမ်းပြသူများ (mentors)၊ အလှူရှင်များ၊ အကောင်အထည်ဖော် အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ မြန်မာနိုင်ငံရှိ အခြားသက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် လုပ်ငန်းဆောင်ရွက်နေကြသော အခြားအဖွဲ့အစည်းများထံမှ ကောက်ယူထားခြင်းဖြစ်သည်။ ဤရှေ့ပြေးစမ်းသပ်အစီအစဉ်တွင် မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီ အသီးသီးမှ ကျား/မ ရေးရာ၊ ဂျန်ဒါ တန်းတူညီမျှရေးအတွက် အလေးအနက်ထား ဆောင်ရွက်နေသူ ပြည်ထောင်စုအဆင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၆) ဦးအား ၎င်းတို့ အလားတူ ကျား/မ ရေးရာ၊ ဂျန်ဒါ တန်းတူညီမျှရေး ဆောင်ရွက်နေကြသော သြစတြေးလျနိုင်ငံမှ အတွေ့အကြုံရှိ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသမီး MP ဟောင်း၊ စုစုပေါင်း (၆) ဦးနှင့် တွဲဖက်ပေးပြီး လက်တွဲလမ်းပြမှု ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤအစီအစဉ်သည် IWDA -WAVE (Women's Action for Voice and Empowerment) စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါသည်။ WAVE ၏ အဓိက ရည်မှန်းချက်တစ်ရပ်မှာ နိုင်ငံရေးခေါင်းဆောင်မှု၊ လွှမ်းမိုးနိုင်မှုတွင် အမျိုးသမီးများ နေရာရရှိရန်နှင့် နိုင်ငံရေးတွင် အမျိုးသမီးများ ခေါင်းဆောင်မှုကို ထိန်းသိမ်းထားနိုင်ရန် အကူအညီပေးရေးဖြစ်ပါသည်။ ဤရှေ့ပြေးစမ်းသပ်ဆောင်ရွက်သည့် နိုင်ငံရေးဆိုင်ရာ လက်တွဲလမ်းပြခြင်း အစီအစဉ်၏ ရည်ရွယ်ချက်မှာ လက်တွဲလမ်းပြမှုခံယူသူ (mentee) များအား အောက်ပါတို့ ရရှိလာရန် ကူညီရန်ဖြစ်ပါသည် -

(၁) ပိုမိုထိရောက်ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်သည့် စွမ်းဆောင်ရည် မြင့်တက်လာစေရေး
(၂) ကျား/မ ရေးရာ၊ ဂျန်ဒါ တန်းတူညီမျှရေးအတွက် ဥပဒေများနှင့် မူဝါဒများ ထွက်ပေါ်လာရန် ဦးဆောင်ဦးရွက် ပြုနိုင်သော လွှမ်းမိုးနိုင်စွမ်းရှိသောသူများ ဖြစ်လာစေရေး

မျှော်မှန်းရလဒ်များအတိုင်း ဖြစ်ပွားခဲ့သည့် ထိရောက်အကျိုးပြစ်ထွန်းမှု

ဤစီမံကိန်းမှ ၎င်း၏ အဓိကရည်မှန်းချက် (၂) ခုနှင့်အညီ ရလဒ်ကောင်းများ ရရှိစေခဲ့ပါသည်။ လက်တွဲလမ်းပြမှု ခံယူသူ (Mentees) များ၏ ကိုယ်တိုင်အစီရင်ခံမှုများနှင့် သက်ဆိုင်ပါဝင်သူများ၏ စောင့်ကြည့်လေ့လာမှုများအရ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ၏ ထိရောက်ကောင်းမွန်သော စီမံအုပ်ချုပ်နိုင်မှု စွမ်းရည်များ ပြောင်းလဲလာသည်ကို တွေ့မြင်ရပါသည်။

အဆိုပါအမျိုးသမီးတို့သည့် စီမံကိန်း အစအဆုံးအတွင်း စိတ်အားထက်သန်စွာပါဝင်ဆောင်ရွက်ခဲ့သည့် အလျောက်၊ ထိုအတွေ့အကြုံများက ၎င်းတို့အား အောက်ပါစွမ်းရည်၊ အတွေ့အကြုံများကို ရရှိလာစေရန် အကူအညီပေးခဲ့ပါသည် -

- အများရှေ့တွင် စကားပြောဆိုမှု စွမ်းရည်များ၊ နိုင်ငံရေး ဆွေးနွေးငြင်းခုံပွဲများအတွင်း ပါဝင်လုပ်ဆောင်နိုင်ရန် ယုံကြည်ချက်များ တိုးတက်မြင့်မားလာစေရန် စဉ်ဆက်မပြတ် စည်းရုံးလှုံ့ဆော်ခြင်း (continuous campaigning) ကဲ့သို့သော နိုင်ငံရေး နည်းဗျူဟာများအကြောင်း ဗဟုသုတနှင့် အသိအမြင်များ ရရှိလာစေရန်
- အမျိုးသမီးကိစ္စရပ်များတွင် ၎င်းတို့၏ မဲဆန္ဒရှင်များနှင့် ပူးတွဲဆောင်ရွက်လာစေရန်
- အမျိုးသမီးလှုပ်ရှားမှုများသို့ ၎င်းတို့ ချိတ်ဆက်မှုများ ပိုမိုပြုလုပ်လာနိုင်ရန်နှင့် ကျား/မ ရေးရာ၊ ဂျန်ဒါ တန်းတူညီမျှရေးအတွက် တက်ကြွလှုပ်ရှားသူများ ဖြစ်လာစေရန်

သြစတြေးလျသို့ လေ့လာရေးခရီး သွားရောက်ခဲ့ရခြင်းသည် Mentee (လက်တွဲလမ်းပြမှုခံယူသူ) များအတွက် အရေးပါ တန်ဖိုးရှိကြောင်း တွေ့ရှိရပါသည်။ Mentee အများစုမှ ၎င်းတို့၏ သိသာထင်ရှားသော ပြောင်းလဲမှုအကြောင်းအရာများ (significant change stories) ထဲတွင် အဆိုပါခရီးစဉ် အကြောင်းကို ရည်ညွှန်း ပြောဆိုခဲ့ကြသည်။ အဆိုပါ ခရီးစဉ်ရလဒ်အဖြစ်အား အကောင်းဆုံး ရှုထောင့်နှစ်ရပ်မှာ -

(က) အများရှေ့တွင် စကားပြောဆိုခြင်း သင်တန်း (public speaking) နှင့်
(ခ) စဉ်ဆက်မပြတ် လက်တွေ့စည်းရုံးမှုတို့ကို တိုက်ရိုက် ထိတွေ့ခွင့်ရခြင်းပင် ဖြစ်ပါသည်။

အမျိုးသမီးလှုပ်ရှားမှုများတွင် ထဲထဲဝင်ဝင် မပါဝင်ခဲ့ဖူးသော Mentee များသည်လည်း အမျိုးသမီး ကိစ္စရပ်များအတွက် ခိုင်ခိုင်မာမာ ဦးဆောင်ရှေ့ရွက် ပြုသူများဖြစ်လာကြောင်းကို လွှတ်တော်နှင့် ၎င်းတို့ မဲဆန္ဒနယ်များ၌ တွေ့မြင်ရသည့် ၎င်းတို့ ဆောင်ရွက်ချက်များက သက်သေပြနေသည်။

- အမျိုးသမီးအခွင့်အရေးများနှင့် ကျား/မရေးရာအရ လိုအပ်ချက်များအား ဆွေးနွေးနိုင်ရန် ၎င်းတို့ မဲဆန္ဒနယ်များတွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပနိုင်ရေး အကူအညီပေးရန် Mentee များက အထူးတလည် တောင်းဆိုလာခဲ့ကြသည်။
- တွေ့ဆုံမေးမြန်းခဲ့သည့် နိုင်ငံရေးပါတီများကလည်း ၎င်းတို့ ပါတီတွင်း အစည်းအဝေးများတွင် Mentee များသည် ကျား/မ ရေးရာ၊ ဂျန်ဒါ တန်းတူညီမျှရေး အစီအစဉ်များကို ပိုမိုပြောဆိုဆောင်ရွက်လာကြောင်း၊ ဥပမာအားဖြင့် - အမျိုးသမီးများနှင့် လူနည်းစုများအတွက် ဖွံ့ဖြိုးတိုးတက်မှုများ ပေါ်ပေါက်ရရှိစေရန်အတွက် အလေးထား ပြောဆိုဆွေးနွေးခြင်း၊ လက်တွဲလမ်းပြခြင်း စီမံကိန်းမှ ရရှိခဲ့သည့် နည်းဗျူဟာများကို ပြန်လည်မျှဝေခြင်းများ ပြုလုပ်လာကြကြောင်း တွေ့ရှိရသည်ဟု ပြောကြားခဲ့ပါသည်။
- Mentee အချို့မှလည်း သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ လွှတ်တော်အတွင်း လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်လာသည်။

ပြုလုပ်သက်ဆိုင်ပါဝင်သူများအကြား လုံလောက်သည့် ပူးပေါင်းဆောင်ရွက်မှုဖြင့် စည်းရုံးလှုံ့ဆော်မှု (Advocacy) ဆိုင်ရာ ကြိုးပမ်းမှုများပြားလာခြင်းသည် ရလဒ်ကောင်းတစ်ခုဖြစ်သော်လည်း၊ သိမ်မွေ့နက်နဲသည့် လွှတ်တော်စနစ်တွင် ၎င်းတို့ အဆိုပြုသည့် ဥပဒေများအား နိုင်ငံရေးအရ အကူအညီပေးမှုဖြင့် မြှင့်တင်ရန် စတင်ကြိုးပမ်းနေသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်

mentee များအတွက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (Mentee) များအတွက် စိန်ခေါ်ချက် တစ်ရပ်အဖြစ် ဖြစ်နေဆဲပင် ဖြစ်ပါသည်။

ပမျှော်လင့်ထားသော အပြုသဘောဆောင် ရလဒ်ကောင်းများ

စီမံကိန်း ရလဒ်အနေဖြင့် လက်တွဲလမ်းပြခြင်း (mentoring) အကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များ ပိုမိုသိရှိ နားလည်လာကြသည်။ စီမံကိန်းအစ ကာလများတွင် လက်တွဲလမ်းပြမှု (mentoring) ဟူသော စကားလုံးကို ရေရေရာရာရှင်းပြထားသော မြန်မာစကားလုံး တစ်လုံးမျှပင်မရှိသည်ကို တွေ့ရှိခဲ့ရသည်။ စီမံကိန်းပြီးဆုံးသွားသော အခါ၌မူ Mentee များသည် လက်တွဲ လမ်းပြခြင်း (mentoring) ကို တန်ဖိုးထားရုံမျှမက အခြားသော နိုင်ငံရေးစိတ်ပါဝင်စားသူ အမျိုးသမီးများနှင့် လက်တွဲ၍ ဤ mentoring ပုံစံမျိုးကို လက်တွေ့အသုံးပြုရန် အဆင်သင့်ဖြစ်နေ ကြပြီဖြစ်ပါသည်။



ဤစီမံကိန်း၏ အကျိုးဆက်ရလဒ်တစ်ခုဟု အတိအကျသုံးသပ်ပြောဆိုရန် စောလွန်းနေသေးသော်လည်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ ပါတီများနှင့် မဲဆန္ဒနယ်များ၌လည်း ပိုမိုလူသိများကာ ထင်သာမြင်သာရှိလာသည်ကို တွေ့ရှိရသည်။ သတင်းမီဒီယာများကလည်း ၎င်းလွှတ်တော်ကိုယ်စားလှယ်များကို ဦးတည်တွေ့ဆုံမေးမြန်းလာကြသကဲ့သို့၊ နိုင်ငံခြားဇည့်သည်တော်များနှင့်လည်း တွေ့ဆုံလာနိုင်သည်။ ၎င်းကို မြန်မာနိုင်ငံတွင် ရပ်တည်မှုနှင့် အောင်မြင်မှုကို ပြသလာနိုင်သည့် အရေးပါသော အမှတ်အသားတစ်ခုဟု ယူဆကြသည်။

ဤစီမံကိန်းသည် သြစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချိတ်ဆက်မှုကို အားကောင်းလာစေသည်။ မြန်မာ့နိုင်ငံရေး နယ်ပယ်ဘဝအကြောင်းနှင့် ပတ်သက်၍ သြစတြေးလျ Mentor (လက်တွဲလမ်းပြသူ) များအား အသိအမြင်ပေးနိုင်ခဲ့သည်။ ထိုအတွေ့အကြုံများကြောင့်လည်း အများထောက်ခံမှုရရှိလာသည်ဟု လွှတ်တော်မိန့်ခွန်းများတွင် တွေ့ရှိရသည်။ ထို့အပြင် ဤစီမံကိန်းကို သြစတြေးလျနိုင်ငံခြားရေးရာနှင့် ကုန်သွယ်မှုဌာန (DFAT) နှင့်လည်း နီးကပ်စွာလုပ်ငန်း လုပ်ဆောင်ခဲ့သည်။ DFAT သည် စီမံကိန်းရန်ပုံငွေကို ထောက်ပံ့ပေးခဲ့ရုံသာမက၊ မြန်မာနိုင်ငံမှ Mentee များနှင့် သြစတြေးလျသံတမန်များ တွေ့ဆုံစည်းဝေးပွဲ အချို့ကိုလည်း ဦးဆောင်ကူညီပေးခဲ့သည်။

ပမျှော်လင့်ထားသော အနုတ်သဘောဆောင်သည့် ရလဒ်များ

စီမံကိန်း၏ သိသာထင်ရှားသော အနုတ်သဘောဆောင်နေသည့် ရလဒ်တစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအတွက် လက်တွဲလမ်းပြမှု မပြုလုပ်ပေးနိုင်ခြင်းဖြစ်သည်။ လက်တွဲ လမ်းပြခြင်း (mentoring) တွင် စီမံခန့်ခွဲမှုနှင့်ဆက်ဆံရေး ထိန်းသိမ်းတည်ဆောက်ခြင်းများအတွက် များစွာရင်းနှီးမြှုပ်နှံမှု ပြုရသဖြင့် လွှတ်တော်ကိုယ်စားလှယ် အနည်းငယ်နှင့်သာ ပြုလုပ်နိုင်ခဲ့ပါသည်။ ၂၀၁၈ အတွက် စီစဉ်ထားသော စမ်းသပ်အစီအစဉ်နှင့် ဒုတိယအစီအစဉ်အတွက် လျှောက်ထားသူ လွှတ်တော်ကိုယ်စားလှယ် (MP) အများစုကို မရွေးချယ်နိုင်ခဲ့ပေ။ သို့အတွက်ကြောင့် Mentee များနှင့် အခြားသော MP များကြားတွင် ရွေးချယ်ခံရသူများမှ မမျှတသော အကျိုးခံစားခွင့်များ ရရှိခဲ့သည်ဟူ၍ တင်းမာမှုများဖြစ်ပေါ် နိုင်ခြေရှိသည်။ ထို့အပြင်နိုင်ငံရေးပါတီတစ်ခုက သတိပြုမိသည်မှာ MP များသည် လူသိများ ပိုထင်သာမြင်သာ ရှိလာသော်လည်း အများအာရုံစိုက်မှုသည် ၎င်းတို့၏ နိုင်ငံရေးပါတီ များအပေါ် ကျယ်ကျယ်ပြန့်ပြန့်မရှိဘဲ MP များအပေါ်တွင်သာ တစ်ဦးချင်းအနေအထားဖြင့် ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရပါသည်။ အမျိုးသမီးများအား ၎င်းတို့ မိခင်ပါတီအတွင်း၌ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာအောင် စီမံကိန်းမှ အထောက်အကူပြုပေးရန် အရေးကြီးလှပေသည်။ ထို့ကြောင့် တစ်ဦးချင်းအနေအထားဖြင့် လူသိများ ထင်သာမြင်သာရှိလာမှုနှင့် ပါတီအနေအထားဖြင့် ထင်သာမြင်သာရှိမှုတို့အကြား ဟန်ချက်ညီအောင် ဂရုပြု စဉ်းစားရန် လိုအပ်သည်။

သင်ခန်းစာများ

ဤလက်တွဲလမ်းပြခြင်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် အကောင်းမွန်ဆုံးသော အလေ့အထ သင်ခန်းစာများ ရရှိခဲ့ပါသည်။ ယဉ်ကျေးမှုအနေအထား မျှဝေမှုသည် အောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်သည့် အချက်မဟုတ်မှန်း ရှေ့ပြေးစမ်းသပ်အစီအစဉ်က သက်သေပြနေသော်လည်း လက်တွဲလမ်းပြသူများ (Mentors) သည် အတွေ့အကြုံရှိ နိုင်ငံရေး သမားများဖြစ်ရန် အရေးကြီးပေသည်။ ယဉ်ကျေးမှုနှင့် ဘာသာ စကားများစွာကွဲပြား ခြားနားမှုနှင့် အချိန်အကန့်အသတ်ကြောင့် လက်တွဲ လမ်းပြမှုဆိုင်ရာ ဆက်ဆံရေး (mentoring relationships) ပိုမိုနက်ရှိုင်းစွာ ချိတ်ဆက်နိုင်ရန် အခက်အခဲတို့ ရှိခဲ့သဖြင့် အများဆုံးပြုလုပ်နိုင်ခဲ့သည့် လက်တွဲလမ်းပြမှုဆိုင်ရာ အကူအညီ (mentoring support) သည် လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီ အထောက်အပံ့များ (psychosocial) ဖြစ်ကြောင်း

တွေ့ရှိရသည်။ အကြီးမားဆုံးအကူအညီမှာ ဘာသာစကား၊ နောက်ခံ အကြောင်းအရာမတူသော်လည်း အမျိုးသမီးများ အချင်းချင်း သွေးစည်းညီညွတ်မှု (solidarity) ဖြစ်သည်။ လက်တွဲလမ်းပြသူများသည် အတွေ့အကြုံရှိ နိုင်ငံရေးသမားများဖြစ်ရန်နှင့် စံပြပုဂ္ဂိုလ်များအဖြစ် ဆောင်ရွက်ရန်အတွက် အများလေးစားခံရသူ၊ နိုင်ငံရေးလုပ်ငန်း လုပ်ဆောင်သူတစ်ဦးကို စီမံခန့်ခွဲမှုဆိုင်ရာ အသိအမြင်များ ပေးနိုင်သူဖြစ်ရန် မရှိမဖြစ်လိုအပ်ပေသည်။ သက်ဆိုင်ပါဝင်သူများက ဤစီမံကိန်းကို အခရာအမျိုးသမီးအဖွဲ့နှင့် IWDA တို့က ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဟု ယုံကြည်ကြသည်။ သို့သော်လည်း အနည်းငယ်သော ပြုပြင်မွမ်းမံမှုများ ပြုလုပ်နိုင်ပါလျှင်မူ ပို၍အောင်မြင်နိုင် မည်ဖြစ်ပါသည်။

ပန်းတိုင်ချမှတ်ခြင်း - စီမံကိန်းအစကာလက ချမှတ်ခဲ့သော ပန်းတိုင်များနှင့်မူ၊ မည်သည့် လက်တွဲလမ်းပြသူနှင့် လက်တွဲလမ်းပြမှု ခံယူသူအတွဲ (mentor - mentee pair) ကမ္ဘာ ကိုက်ညီမှုမရှိတော့သည်ကို တွေ့ရှိရသည်။ Mentoring အယူအဆ ဆိုင်ရာ အတွေ့အကြုံများမရှိခြင်း၊ မတူညီသည့် ယဉ်ကျေးမှုနှစ်ခုကြား လုပ်ဆောင်မှု ပုံစံတစ်ခု ဥပမာ သာဓကအဖြစ် ရှိနှင့်မနေခြင်းတို့ကြောင့် mentor-mentee အတွဲများသည် လက်တွေ့ကျသော ရည်မှန်းချက်များ ချမှတ်ရန် ခက်ခဲခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် mentor-mentee အတွဲများအား ဤစီမံကိန်းသို့ စတင်မိတ်ဆက်စဉ်ကပင် သွေးစည်းညီညွတ်မှုနှင့် အမျိုးသမီးအချင်းချင်း အကူအညီ ပေးမှုဆိုင်ရာအယူအဆများသည် ဤလက်တွဲလမ်းပြမှု အစီအစဉ်၏ အဓိကအကြောင်းအရာများ ဖြစ်ကြောင်း စတင်မိတ်ဆက်ရန်နှင့် ထိုအကူအညီ ပေးမှုနှင့် ပိုမို သက်ဆိုင်သော ပန်းတိုင်များ ချမှတ်နိုင်ရန် အကြံပြုအပ်ပါသည်။

အခြေအနေဆိုင်ရာ သတင်းအချက်အလက်များ ပိုပေးခြင်း - ပရိုဂရမ်အစကပင် Mentor များအတွက် နိုင်ငံရေး အခြေအနေဆိုင်ရာအသေးစိတ် သတင်းအချက်အလက်များအား ပိုမိုပေးအပ်ရန် အကြံပြုအပ်ပါသည်။ သို့မှသာ Mentor များအနေဖြင့် ၎င်းတို့ Mentee များ အတွက်မည်သည့် အကူအညီမျိုးပေးရန် လိုအပ်သည်ဟု ဆုံးဖြတ်နိုင်မည် ဖြစ်သည်။ Mentor များအား မြန်မာ့နိုင်ငံရေး အကျဉ်းချုပ်မှတ်တမ်းမှတ်ရာတစ်ခု ပေးအပ်သည့် အပြင် ၎င်းတို့နှင့် အစည်းအဝေးတစ်ခု ပြုလုပ်ကာ အကျဉ်းချုပ် ပြောကြားနိုင်ခဲ့သည်ဆိုသော်လည်း ထိုနှစ်ခုကို ပို၍ အကျယ်ချဲ့ပြုလုပ်နိုင်ပါလျှင်မူ (လွှတ်တော်လုပ်ငန်းစဉ်ဆိုင်ရာ အသေးစိတ်တိတိကျကျဖော်ပြချက်များနှင့် မဲဆန္ဒနယ်ဆိုင်ရာသတင်းအချက်အလက်များထည့်သွင်းကာ) ပို၍ ကောင်းမွန်လိမ့်မည်ဟု ပြန်ကြားချက်များအရ သိရှိရသဖြင့် ထိုသို့ ပြုလုပ်ပေးနိုင်ရန် အကြံပြုအပ်ပါသည်။

နည်းစနစ်ကျစွာ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း - ယခုအနေအထားတွင် အချက်အလက် လေ့လာစောင့်ကြည့်မှုသည် နည်းစနစ်တကျ မရှိဘဲ ကသောင်းကနင်းဖြစ်သည်။ သက်ရောက်မှုများကို မှတ်တမ်းတင်ရန်နှင့် အခြေအနေ ပြောင်းလဲမှုများအလိုက် လိုက်လျောညီထွေ ပြုနိုင်သည့် ခိုင်မာကောင်းမွန်သော လေ့လာစောင့်ကြည့်မှုစနစ်တစ်ခု တည်ထောင်ရန် ပရိုဂရမ်အတွက် အရေးကြီးလှပေသည်။ ရိုးရှင်းသော အဆင့်များဖြစ်သည့် မီဒီယာတွင် အကြိမ်မည်မျှ ဖော်ပြခံရသနည်း၊ မူဝါဒပိုင်း တိုးတက်မှုများနှင့် မဲဆန္ဒရှင်ပြည်သူများ နှင့်ထိတွေ့မှု စသည်တို့ကို မှတ်တမ်းတင်နိုင်ပါလျှင် ပရိုဂရမ်ကို ပို၍အားကောင်းစေမည် ဖြစ်သည်။

လူစွမ်းအားအရင်းအမြစ်များ ပိုမိုလိုအပ်သည် - လက်တွဲလမ်းပြခြင်း အစီအစဉ်တစ်ရပ်တွင် Mentor နှင့် Mentee များကြားပိုမိုလွယ်ကူ ချောမွေ့စွာဆက်ဆံချိတ်ဆက်မှုပြုနိုင်ရန်အတွက် အကူအညီနှင့် စီမံခန့်ခွဲမှုမြောက်များစွာ လိုအပ်ကြောင်း ဤပြန်လည်သုံးသပ်မှုမှ တစ်ဆင့်တွေ့ရှိရသည်။ ဩစတြေးလျတွင် နေထိုင်သူအကြံပေး ပညာရှင်များနှင့် မြန်မာနိုင်ငံတွင် နေထိုင်သူပညာရှင်များသည် အလွန် အရေးကြီးသည်ဟု သက်ဆိုင်ပါဝင်သူများက ယူဆကြသည်။ ထို့အပြင် email ဖြင့် အပြန်အလှန် ချိတ်ဆက်မှုများအတွက် ဘာသာပြန်ရန်အချိန်နှင့် အရင်းအမြစ်များ လိုအပ်သကဲ့သို့ လေ့လာရေးခရီးများမှာလည်း အချိန်တိုတောင်းကာ လေ့လာစရာများ အလွန်အမင်း များပြားတတ်သည်။ ဤအချက်များကို ကြည့်ခြင်းဖြင့် အကောင်အထည်ဖော် အဖွဲ့အစည်းများအနေဖြင့် အမှန်တစ်ကယ် စိတ်ဝင်စားမှုရှိသည့် ဘာသာပြန်များနှင့် ပြင်ပအကြံပေး ပညာရှင်များ ပါဝင်သည့် အင်အားတောင့်တင်းသည့် အဖွဲ့တစ်ခု ရှိရန် လိုအပ်ကြောင်း ပြောဆိုနေသည်။

ပရိုဂရမ်သည် Mentee များအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ခဲ့ပြီး ကျား/မတန်းတူညီမျှရေးအတွက် ဦးဆောင်ရှေ့ရွက် ပြုသူများဖြစ်အောင် အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့သော်လည်း အရင်းအမြစ်များ မရှိခြင်းနှင့် နိုင်ငံရေးအခြေအနေဆိုင်ရာ သတင်းအချက်အလက် ပြည့်ပြည့်၀ဝ မရရှိသည့် စိန်ခေါ်မှုကြောင့် MPs များ၏ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်မှု အပိုင်းတွင် နောင့်နှေးစေခဲ့သည်။ ပရိုဂရမ်အနေဖြင့် ရေရှည်တည်တံ့သောအကျိုး သက်ရောက်မှုရှိစေရန် အောက်ပါကဲ့သို့သော ကိစ္စရပ်များအား မည်သို့ ဖြေရှင်းနိုင်မည်နည်းဟု စဉ်းစားဆောင်ရွက်သင့်ပါသည် -

- လွတ်တော်ကိုယ်စားလှယ်များအတွက် အထောက်အကူပြု ဝန်ထမ်းမရှိခြင်း
- ကျား/မဆိုင်ရာ အခက်အခဲများ၊ ဥပမာအားဖြင့် ကလေးပြုစုစောင့်ရှောက်ပေးသူမရှိခြင်း၊ လုံခြုံရေးအရ အန္တရာယ်ပိုရှိနိုင်ခြင်း၊ လူ့အသိုင်းအဝိုင်းတွင် အများလက်ခံထားသည့် အမျိုးသမီးအခန်းကဏ္ဍဆိုင်ရာ စံနှုန်းများ
- နိုင်ငံရေးနှင့် ခေါင်းဆောင်မှုတွင် အမျိုးသမီးများ ပါဝင်မှု မြှင့်တင်ပေးရန် ဆန္ဒမရှိခြင်းနှင့် လက်တွေ့ဆောင်ရွက်ပေးမှုများ မရှိခြင်း

အနာဂတ်တွင် အလားတူအစီအစဉ်များ ဆောင်ရွက်မည်ဆိုပါက ပရိုဂရမ်အနေဖြင့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် သို့မဟုတ် ထိုစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နည်းလမ်းများ ထည့်သွင်းရန် အကြံပြုပါသည်။ သို့မှသာ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အကျိုးသက်ရောက်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်မှုအတွက် ဆောင်ရွက်နေသော အစီအစဉ်အချို့လည်း တည်ရှိနေသည်ဖြစ်ရာ ဤလက်တွဲလမ်းပြခြင်း အစီအစဉ်ကိုလည်း တစ်နည်းတစ်ဖုံ အကူအညီဖြစ်စေနိုင်သည်။ ထို့အပြင် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုကို ဤပရိုဂရမ်က အထောက်အကူပြုလိုသည် ဆိုပါက ကျား/မ ရေးရာ ဂျန်ဒါ အချိုးကျ ခွဲတမ်းသတ်မှတ်ချက်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အစရှိသဖြင့် ကဏ္ဍကနယ်ပယ် အတိအကျ သတ်မှတ်ကာ ပိုမိုကျယ်ပြန့်သော စည်းရုံးလှုံ့ဆော်မှု (Advocacy) နည်းဗျူဟာများ ထည့်သွင်းသင့်ပါသည်။ Mentee များတွင် မိတ်ဆွေများရှိမည်ဖြစ်သော်လည်း ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုကို အောင်အောင်မြင်မြင် ပြုလုပ်လိုပါလျှင် အင်အားတောင့်တင်းရန်အတွက် ပိုမိုချိတ်ဆက်မှုများ ပြုလုပ်ရန် လိုအပ်သည်။ အခရာအဖွဲ့နှင့် IWDA ၏ ရှိနှင့်ပြီးသော ချိတ်ဆက်မှုများ အပေါ်မူတည်ပြီး လက်တွဲလမ်းပြခြင်း အစီအစဉ်အတွက် သင့်လျော်မည့် advocacy နည်းဗျူဟာတစ်ခု ရှာဖွေကာ ပရိုဂရမ်ကို တည်ဆောက်သင့်ပါသည်။ နောက်ဆုံးအနေဖြင့် လက်တွဲလမ်းပြခြင်း ပရိုဂရမ်အတွက် အပြည်ပြည်ဆိုင်ရာ ဗဟုသုတများသည် အကျိုးရှိစေခဲ့သည်ဟု တွေ့ရသော်လည်း ဩစတြေးလျ Mentor များ ပေးအပ်နိုင်သည့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများတွင်မူ အကန့်အသတ်များရှိနေသည်ကို တွေ့ရှိရသည်။ ပရိုတစ်ခုလုံးအတွက် အကူအညီပေးမည့် Mentor တစ်ဦးထားရှိရန်၊ အဆိုပါ Mentor သည် Mentee များအား နိုင်ငံရေးကို နည်းပညာပိုင်းအရ လေ့လာဆန်းစစ်မှု ပြုလုပ်နိုင်ရန်အတွက် အကူအညီပေးရန်၊ နိုင်ငံရေး အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် ကြိုကြို တင်တင် နည်းဗျူဟာရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိအောင် ကူညီပေးနိုင်ရန် အကြံပြုအပ်ပါသည်။

အနာဂတ်စိမ်ကိန်း ပုံစံများ

ရှေ့ပြေးစမ်းသပ်အစီအစဉ်အတွက် ကနဦးနယ်ပယ်သတ်မှတ်ခြင်း ပြုလုပ်နေစဉ်အတွင်း Mentor နှင့် Mentee များသာ ရွေးချယ်ရန် ဖြစ်နိုင်မည်လားဟု လေ့လာခဲ့ကြပါသည်။ သို့သော် သင့်လျော်သော Mentor များကို အဆိုပြုနိုင်ခြင်း မရှိခဲ့သည့်အတွက် ပရိုဂရမ်ကို အပြည်ပြည်ဆိုင်ရာလက်တွဲ လမ်းပြခြင်း အစီအစဉ် အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုအစီအစဉ်မှတစ်ဆင့် လုံလောက်သော Mentor များ ရှိလာပြီဆိုပါက မြန်မာပြည်တွင်း အနေအထားဖြင့်သာ လက်တွဲလမ်းပြသည့် အစီအစဉ်အဖြစ် ကူးပြောင်းယူမည်ဟု စဉ်းစားဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ပြည်တွင်းလက်တွဲ လမ်းပြမှု အစီအစဉ်သည် ရှေ့ပြေးစမ်းသပ်အစီအစဉ်၏ အကျိုးကျေးဇူးများကို ထိန်းသိမ်းထားရန် မရှိမဖြစ်လိုအပ်သည်ဟု ဤလေ့လာသုံးသပ်မှုမှ တွေ့ရှိရသည်။ ဥပမာအားဖြင့် - လေ့လာရေးခရီးစဉ်မှ လေ့လာ မှတ်သားခဲ့သည်များ၊ မှတ်တမ်းမှတ်ရာများအား ထိန်းသိမ်းထားခြင်း၊ အကောင်အထည်ဖော် မိတ်ဖက်များထံမှ အဆင့်မြင့် အကူအညီများကို သိမ်းဆည်းထားခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် ပြည်တွင်းမိုဒယ်တစ်ရပ်သို့ ကူးပြောင်းရာ၌ စိန်ခေါ်မှုများလည်း ရှိလာနိုင်သည်။ ဥပမာအားဖြင့် -

- ပြိုင်ဖက်ပါတီများတွင် အမျိုးသမီး MP မရှိခြင်းကြောင့် ပါတီတစ်ခုနှင့် တစ်ခုအကြား စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်သူ Mentee များ မရှိခြင်း
- ပါတီခြင်း ပူးပေါင်းဆောင်ရွက်မှု (Cross-party) အစီအစဉ်တွင် ပါဝင်သည့် Mentor နှင့် Mentee များသည့် တူညီသော ပါတီများမှဖြစ်ပါက ပူးပေါင်းဆောင်ရွက်မှု (cohort) အတွင်း ပါတီနိုင်ငံရေးနှင့် လူမျိုးရေးဘက်ကိုသာ ဇောင်းပေးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း

ဤစဉ်းစားချက်များအရ ပြည်တွင်း လက်တွဲလမ်းပြခြင်း နိုင်ငံတွင်း ပုံစံမျိုးသည် ရှေ့ပြေးစမ်းသပ်အစီအစဉ်နှင့်မတူဘဲ ကွဲပြားနိုင်သည်ဟု တွေ့မြင်နေရသည်ဖြစ်ရာ အဆိုပါပြည်တွင်းမိုဒယ်ကို အမှန်တစ်ကယ်အကောင်အထည်မဖော်မီ စမ်းသပ်မှု ပြုလုပ်သင့်ကြောင်း အကြံပြုအပ်ပါသည်။

Mentee များအတွက် အထောက်အကူပြု ဝန်ထမ်းမရှိခြင်းကို သက်ဆိုင်ပါဝင်သူများအားလုံးက ဤလေ့လာသုံးသပ်မှုတွင် မကြာခဏဖော်ပြခဲ့ကြပြီး အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အလုပ်သင်အစီအစဉ်တစ်ရပ် (internship program) ထားရှိရန် အဆိုပြုခဲ့ကြသည်။ အထက်တွင်တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် ထိုသို့သော အလုပ်သင်များကို ပေးအပ်နိုင်မည့် အဖွဲ့အစည်းများစွာ ရှိနေသည်။ သို့သော်လည်း ပုံစံတစ်ခုအား ရှေ့ပြေးစမ်းသပ်ရန်နှင့် အသေးစိတ်ဆောင်ရွက်နိုင်ရန်အတွက် အချိန်များ ရင်းနှီးမြှုပ်နှံနိုင်ရန်လည်း အရေးကြီးလှသည်။ သို့မှသာ နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်မည်ဖြစ်ပါသည်။

အကြံပြုချက်များ

၁။ ကျယ်ပြန့်သည့် စိန်ခေါ်မှုများကို MP များ ရင်ဆိုင်နေရပြီး အဆိုပါစိန်ခေါ်မှုများအား လက်တွဲလမ်းပြခြင်း အစီအစဉ် တစ်ခုတည်းဖြင့် မဖြေရှင်းနိုင်ပါ။ ပရိုဂရမ်အနေဖြင့် မြန်မာနိုင်ငံရှိ အခြားသော NGOs များနှင့် တရားဝင်မိတ်ဖက်ပြု သဘောတူညီမှုများ ရယူကာ အကူအညီပေးမှုများအား တိုးချဲ့ဆောင်ရွက် သင့်ပါသည်။

၂။ လက်တွဲလမ်းပြခြင်းအစီအစဉ်၏အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံရေးကျွမ်းကျင်မှုအပိုင်းတွင် ပို၍ရင်းနှီးမြှုပ်နှံပါ။ ထိုသို့ ပြုလုပ်နိုင်ရန် အခရာအဖွဲ့အတွက် အကြံပေးပညာရှင်တစ်ဦး ပေးအပ်ကာ ယခုထက် ပိုမိုအင်အားတောင့်တင်းစေပြီး နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်အကူအညီများ ပေးအပ်နိုင်မည်ဖြစ်သည်။ တစ်နှစ်အတွင်း နေပြည်တော်တွင် Mentee များနှင့် မျက်နှာစုံညီအစည်းအဝေးများ ကျင်းပကာ သတင်းအချက်အလက် မျှဝေခြင်း၊ ဥပဒေနှင့် မူဝါဒပိုင်းဆိုင်ရာ Advocacy ကို ကျွမ်းကျင်မှုရှိစွာ ပြုလုပ်နိုင်ရန် နည်းဗျူဟာများ ဆွေးနွေးခြင်းတို့ ပြုလုပ်သင့်ပါသည်။

၃။ အဖွဲ့အစည်းတစ်ခုစီမှ အလုပ်သင်တစ်ဦးကို အလုပ်သင် အစီအစဉ်မှတစ်ဆင့် Mentee တစ်ဦးအတွက် ပေးအပ်ထားပြီး Mentee ၏ စီမံအုပ်ချုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး/စာရင်းဇယားအစီအစဉ်များနှင့် သုတေသနပိုင်းဆိုင်ရာတွင် အဆိုပါ အလုပ်သင်မှ အကူအညီပေးသင့်သည်။

၄။ ပရိုဂရမ်၏ နောက်အဆင့်တွင် နယ်ပယ်သတ်မှတ်ခြင်း သုတေသန (Scoping research) ပြုလုပ်သင့်ပြီး သင့်လျော်မည်ဆိုပါက ပြည်တွင်း၌ လက်တွဲလမ်းပြခြင်းကိုလည်း ရေရှည် နည်းဗျူဟာတွင် ထည့်သွင်းသင့်ပါသည်။

၅။ လက်တွဲလမ်းပြခြင်း ပရိုဂရမ်အတွက် စိတ်ဝင်စားတက်ကြွမှုရှိသော စကားပြန်/ဘာသာပြန်တစ်ဦး ဌားရမ်းသင့်သည်။ အဆိုပါ စကားပြန်/ဘာသာပြန်၏ တာဝန်မှာ Mentor နှင့် Mentee များအတွက် စကားပြန်/ဘာသာပြန် ဝန်ဆောင်မှုကိုသာ ပေးအပ်ရန်ဖြစ်သည်။

၆။ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ်ကို မြှင့်တင်ပါ။ ပရိုဂရမ်၏ အကျိုးသက်ရောက်မှုကို လေ့လာစောင့်ကြည့်သည့် နည်းလမ်းများ သတ်သတ်မှတ်မှတ်ရှိရန် လိုအပ်ပါသည် - မီဒီယာတွင် လေ့လာစောင့်ကြည့်ခြင်း၊ Advocacy ဆိုင်ရာ မျက်ချေမပြတ် စောင့်ကြည့်ခြင်းတို့ အပါအဝင်ဖြစ်သည်။

၇။ အခရာအဖွဲ့၏ အခြားလုပ်ငန်းများတွင်လည်း ဤပရိုဂရမ်အကြောင်း streamline ပြုလုပ်ခြင်းနှင့် ထိုအခြားလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေကိုလည်း စဉ်းစားသင့်ပေသည်။ စိတ်ဝင်စားမှုရှိပါလျှင် Mentee တစ်ဦးချင်း၏ မဲဆန္ဒနယ်တွင် လိင်ပိုင်းဆိုင်ရာ ဆွေးနွေးမှုစကားဝိုင်း (sexuality dialogue) ပြုလုပ်ပြီး အမျိုးသမီး မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များကြား ချိတ်ဆက်မှု ပြုလုပ်သင့်သည်။

အမှင့်မိတ်ဆက်

၂၀၁၇ ခုနှစ်တွင် ဒေသကြီးအတွင်းရှိ WAVE (Women's Action for Voice and Empowerment) ပရိုဂရမ်အောက်၌ အခရာ အမျိုးသမီးအဖွဲ့နှင့် IWDA (အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) တို့ ပူးပေါင်းကာ မြန်မာနိုင်ငံတွင် ပထမဆုံး ဖြစ်သည့် အမျိုးသမီးများအတွက် နိုင်ငံရေးလက်တွဲလမ်းပြခြင်း အစီအစဉ်ကို ရှေ့ပြေးစမ်းသပ်ခဲ့ကြသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ထောင်စုအဆင့်၌ အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်အရေအတွက် နှစ်ဆတိုးတက်လာခဲ့သော်လည်း ရွေးကောက်ခံကိုယ်စားလှယ် စုစုပေါင်း၏ ၁၃.၆% ကသာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်။ အမျိုးသမီးကိုယ်စားလှယ်များ ပိုမိုရွေးချယ်ခံလာရသော်လည်း ကျား/မရေးရာ ဂျန်ဒါ စံသတ်မှတ်ချက်များနှင့် တရားသော မှတ်ယူမှုများကြောင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှု စွမ်းရည်အပေါ် သံသယဝင်မှုများနှင့် ဖြစ်ပွားနေသေးသဖြင့်၊ အမျိုးသမီးများမှာ ခွဲခြားဆက်ဆံမှုများအား ရင်ဆိုင်ကြုံတွေ့နေရဆဲ ဖြစ်သည်။ ထို့ကြောင့် အမျိုးသားများ ကြီးစိုးသည့် ပတ်ဝန်းကျင်ကို ပဲ့ကိုင်လမ်းကြောင်းမှ ပြုနိုင်ရန်နှင့် အမျိုးသမီးအခွင့်အရေးများကို အကူအညီပေးနိုင်မည့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများအတွက် advocacy ထိရောက်စွာ ပြုလုပ်နိုင်ရန် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား စဉ်ဆက်မပြတ် ကူညီပေးရန် လိုအပ်ပါသည်။ WAVE ပရိုဂရမ်၏ ပိုမိုကျယ်ပြန့်သော ရည်ရွယ်ချက် အစိတ်အပိုင်းတစ်ခုအနေဖြင့် လွှမ်းမိုးနိုင်စွမ်းရှိသော နိုင်ငံရေး ခေါင်းဆောင်နေရာများကို အမျိုးသမီးများ ရရှိနိုင်ရန်နှင့် နိုင်ငံရေးတွင် အမျိုးသမီးများ ခေါင်းဆောင်မှုကို ထိန်းသိမ်းထားနိုင်ရန် အတွက် အမျိုးသမီးများအား အကူအညီပေးရန် ရည်ရွယ်သည်။ ရှေ့ပြေးစမ်းသပ်အစီအစဉ်၏ ရည်ရွယ်ချက်မှာ လမ်းညွှန်အကြံပြုမှု ခံယူသူ (mentee) များအား အောက်ပါတို့ ရရှိလာရန် ကူညီရန်ဖြစ်သည် -

(၁) ပိုမိုထိရောက်ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်သည့် စွမ်းဆောင်ရည်များ မြင့်တက်လာစေရေး
(၂) ကျား/မတန်းတူညီမျှရေးအတွက် ဥပဒေများနှင့် မူဝါဒများ ထွက်ပေါ်လာရန် ဦးဆောင်ရှေ့ရှက် ပြုနိုင်သော၊ လွှမ်းမိုးနိုင်စွမ်းရှိသော သူများ ဖြစ်လာစေရေး

ဤရှေ့ပြေးစမ်းသပ်အစီအစဉ်တွင် မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီ အသီးသီးမှ ကျား/မ ရေးရာ၊ ဂျန်ဒါ တန်းတူညီမျှရေးအတွက် အလေးအနက်ထား ဆောင်ရွက်နေသူ ပြည်ထောင်စုအဆင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် (၆) ဦးအား ၎င်းတို့နည်းတူ ကျား/မ ရေးရာ၊ ဂျန်ဒါ တန်းတူညီမျှရေးဆောင်ရွက်နေသူ သြစတြေးလျနိုင်ငံမှ အတွေ့အကြုံရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသမီး MP ဟောင်း၊ စုစုပေါင်း (၆) ဦးနှင့် တွဲဖက်ပေးပြီး လက်တွဲလမ်းပြမှု ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ပရိုဂရမ်အကျဉ်းချုပ်

၆ လက်တွဲလမ်းပြသော အတွဲ

၃ သြစတြေးလျ နိုင်ငံရေးပါတီမှ လက်တွဲလမ်းပြသူ

မြန်မာနိုင်ငံ နိုင်ငံရေးပါတီများမှ ၆ လက်တွဲလမ်းပြမှု ခံယူသူများ

၁၂ လ ပရိုဂရမ်

လေ့လာရေး ခရီးစဉ် ၂



နိုင်ငံရေး အနေအထား

၂၀၁၅
ရွေးကောက်ပွဲ



ပြည်သူ့လွှတ်တော် ရွေးကောက်ခံကိုယ်စားလှယ်



အမျိုးသားလွှတ်တော် ရွေးကောက်ခံကိုယ်စားလှယ်

MP အသစ်များ

၂၀၁၆
ရွေးကောက်ပွဲ

၂၉% အမျိုးသမီး MP များ ပြည်သူ့လွှတ်တော်

၃၉% အမျိုးသမီး MP များ အမျိုးသားလွှတ်တော်

၂၁% MP အသစ်များ

အချက်အလက်များကို MIMU နှင့် သြစတြေးလျ လွှတ်တော်မှ ရယူသည်

သုတေသန နည်းလမ်း

ဤပြန်လည်လေ့လာသုံးသပ်မှုကို IWDA ၏ Feminist သုတေသန မူဘောင် (၂၀၁၇) နှင့် သြစတြေးလျ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ ကျင့်ဝတ်လိုက်နာမှုဆိုင်ရာ သုတေသန နှင့် အကဲဖြတ်ခြင်း လမ်းညွှန်အခြေခံမူများ (၂၀၁၆) က လမ်းညွှန်မှု ပေးခဲ့သည်။ ကျား/မတန်းတူညီမျှရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒများ ပေါ်ပေါက်လာရေးအတွက် အမျိုးသမီးများ၏ ဦးဆောင်ရှေ့ရွက် ပြုနိုင်သော စွမ်းရည်ကို တားဆီးနေသည့် ဖွဲ့စည်းတည်ဆောက်မှုနှင့် စနစ်ဆိုင်ရာ အတားအဆီးများကို ကျွမ်းကျင်သူ အတိုင်ပင်ခံများ တွေ့ရှိလာစေရန် အမျိုးသမီးတန်းတူဝါဒ အခြေပြု (Feminist) နည်းလမ်းများကို ဤလေ့လာမှုတွင် အသုံးပြုခဲ့ကြသည်။ Feminist ဆိုင်ရာစံ/တန်ဖိုးထားမှုများနှင့် အကဲဖြတ်ခြင်း အခြေခံမူများ၏ လမ်းညွှန်မှုဖြင့် ဤပရိုဂရမ်သည် 'အထက်သို့' (WAVE ပရိုဂရမ်) မည်သို့တာဝန်ခံပါသနည်း၊ 'တစ်ပြေးညီ' သို့မဟုတ် ရင်ရွှာလူထု၊ Mentor နှင့် Mentee များဆီသို့ လူမှုတာဝန်ခံမှုကို မည်သို့ ပြုလုပ်ပါသနည်းဟု စူးစမ်းလေ့လာခဲ့ပါသည်။ Mentee နှင့် Mentor များ သည်အမျိုးသမီး MP များအနေဖြင့် မည်သည့် အနေအထားတွင် အလုပ်လုပ်နေရသည်ဟု သေသေချာချာ နားလည်ကြသည့်အတွက် အခြေအနေများကို နောက်ခံထား၍ လက်တွေ့အမှန်တရားကို သိရှိ လက်ခံကြသည်။ ထို့ကြောင့် MP များ၏အတွေ့အကြုံများနှင့် ကိုယ်စားပြုမှုအသံများသည် ဤချဉ်းကပ်မှု၏ အချက်အချာပင်ဖြစ်ပါသည်။ Mentee များအတွက် မြန်မာနိုင်ငံအနေအထားတွင်သာ တွေ့ကြုံ နေရသော လိုအပ်ချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို လည်း ဤပြန်လည် လေ့လာသုံးသပ်မှုက ဆန်းစစ်ခဲ့သည်။

မြန်မာအမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအတွက် လက်တွဲ လမ်းပြခြင်း ရှေ့ပြေးအစီအစဉ်၏ အကျိုးသက်ရောက်မှုကို ဤပြန် လည်သုံးသပ်မှုက အကဲဖြတ်ထားပါသည်။ ထို့အပြင် ၂၀၁၈ နှင့် ၂၀၁၈ အလွန်တွင်ပြုလုပ်မည့် ပရိုဂရမ်များအတွက် အကြံပြုချက် များလည်း ထည့်သွင်းထားပါသည်။ ရှေ့ပြေးစမ်းသပ်ကာလ တစ်လျှောက် IWDA နှင့် အခရာအမျိုးသမီးအဖွဲ့တို့ ကောက်ယူခဲ့ သော အထောက်အထား (evidence) များသာမက ၂၀၁၈ ဇွန်လ နှင့် ဇူလိုင်လတွင် အမိကသက်ဆိုင်ပါဝင်သူများနှင့် အင်တာဗျူး ပြုလုပ်ရာမှ ရရှိသော ကနဦးအချက်အလက်များကိုလည်း ဤ လေ့လာသုံးသပ်မှုတွင် အသုံးပြုထားပါသည်။

အမိကသတင်းအချက်အလက်ပေးနိုင်သူများနှင့်

အင်တာဗျူးများ / တွေ့ဆုံမေးမြန်းမှုများ (KIIs)
- Mentor များနှင့် အင်တာဗျူး ၄ ခု
- ပြင်ပမှသက်ဆိုင်ပါဝင်သူများနှင့် အင်တာဗျူး ၅ ခု
- နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များနှင့်အင်တာဗျူး ၅ ခု
- အခရာ၊ IWDA ဝန်ထမ်းများနှင့် အင်တာဗျူး ၅ ခု
- ပရိုဂရမ်အကြံပေးသူများနှင့်အင်တာဗျူး ၂ ခု
- အသိသာ အထင်ရှားဆုံးအပြောင်းအလဲဖြစ်သည့် (most significant change) အကြောင်းအရာတစ်ခုကို ပြောစေခြင်းဖြင့် Mentee များနှင့် အင်တာဗျူး ၅ ခု

ဦးတည်အုပ်စုလိုက်ဆွေးနွေးခြင်း (FGD) Mentee ၄ ဦးဖြင့် FGD တစ်ခုပြုလုပ် ခဲ့သည်

မပြုလုပ်ခင် - ပြုလုပ်ပြီး မေးခွန်း များဖြေကြားခြင်း
မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်းစစ်တမ်း ၂ ခုကို Mentee များက ဖြေကြားခဲ့သည်။ Open Data Kit software ကို အသုံး ပြု၍ ဒစ်ဂျစ် တယ်မေးခွန်းများကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

စာအုပ်၊ စာပေများမှ ရရှိသော အရေးကြီးသည့် လေ့လာသင်ယူမှုများ

လက်တွဲလမ်းပြခြင်း ပရိုဂရမ်အတွက် စာအုပ်၊ စာပေများရှိသော်လည်း ၎င်းတို့သည် အဓိကအားဖြင့် စီးပွားရေး သို့မဟုတ် ပညာရေးကဏ္ဍတို့၌သာ အလေးထားဆောင်ရွက်ကြသည်ကို တွေ့ရသည်။ နိုင်ငံရေးဆိုင်ရာ လက်တွဲလမ်းပြခြင်း ပရိုဂရမ်များအတွက် စာအုပ်၊ စာပေများ ရှားပါးလှသည်။ နိုင်ငံရေးအတွက် လက်တွဲလမ်းပြခြင်း အစီအစဉ်များအား ကူညီပေးနေသည့် ပရိုဂရမ်အနည်းငယ်ရှိသော်လည်း ၎င်းတို့အား အောင်မြင်စေသည့် အချက်များက မည်သို့နည်း သို့မဟုတ် မည်သည့် မိုဒယ်များက အကျိုးအရှိဆုံး ဖြစ်သနည်းဟူသော အထောက်အထားများ ထင်ထင်ရှားရှား မရှိသည်ကိုတွေ့ရသည်။ သို့သော်လည်း စီးပွားရေးနှင့်ပညာရေးကဏ္ဍရှိ လက်တွဲလမ်းပြခြင်းဆိုင်ရာ စာအုပ်စာပေများက နိုင်ငံရေးဆိုင်ရာလက်တွဲ လမ်းပြခြင်း ရှေ့ပြေးအစီအစဉ်တစ်ခု စမ်းသပ်ရန် သင်ခန်းစာများပေးအပ်နိုင်ခဲ့သည်။

လက်တွဲလမ်းပြခြင်း အမျိုးအစား

လက်တွဲလမ်းပြခြင်းဆက်ဆံရေးတစ်ခုက ကူညီထောက်ပံ့ပေးနိုင်သော မတူညီသည့် အကူအညီအမျိုးအစားများ ရှိသည်ဟု လေ့လာမှုက ဖော်ပြသည်။ Kram (၁၉၈၅) က အကူအညီ အမျိုးအစား (၂) ခုကိုအဆိုပြုသည် - **(၁) အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအကူအညီ (၂) လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီ၊ အထောက်အပံ့** တို့ဖြစ်ပါသည်။ ပထမတစ်ခုသည် အဖွဲ့အစည်းအတွင်း Mentee ၏ တိုးတက်ဖွံ့ဖြိုးမှုအပိုင်းကို အလေးထားပြီး Mentor ၏ အတွေ့အကြုံ၊ ချိတ်ဆက်မှုကွန်ရက်နှင့် ရာထူးတို့ကြောင့် ဖြစ်နိုင်ခြေရှိသည်။ ဒုတိယတစ်ခုကမူ "လူတစ်ဦး၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းတွင် ကျွမ်းကျင်မှု၊ ထင်ရှားသည့် အရည်အသွေးနှင့် အကျိုးသက်ရောက်မှုတို့ကို ဖွံ့ဖြိုးတိုးတက်စေသည့် ဆက်ဆံရေးမျိုးဖြစ်ပါသည်" (Kram ၁၉၈၅၊ ၃၂)။

ရလဒ်ကောင်းများ

လက်တွဲလမ်းပြခြင်းကြောင့် Mentee များ၏ အသက်မွေးဝမ်းကျောင်းမှုအပိုင်းတွင် ကောင်းမွန်သော သက်ရောက်မှု ရလဒ်များ ရရှိခဲ့သည်ဟု သိရှိရသည်။လေ့လာမှု ၄၃ ခု၏ ရလဒ်များကို ပေါင်း၍ ဆန်းစစ်သုံးသပ်ခဲ့ရာတွင် လက်တွဲလမ်းပြမှုခံယူသူ (Mentee) များသည် လက်တွဲလမ်းပြမှု မရရှိသူများထက် ရာထူးတိုးမှု ပိုများကြောင်း၊ နစ်နာကြေးငွေများကိုလည်း ပိုမိုရရှိကြောင်းတွေ့ရှိရသည် (Allen, et al. ၂၀၀၄)။ ရည်မှန်းချက်များ ပိုမိုပေါက်မြောက် အောင်မြင်ရုံသာမကဘဲ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့်ပတ်သက်၍ ကျေနပ်ပျော်ရွှင်သည်ဟု တင်ပြနိုင်ခြေပိုများကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဟု ယုံကြည်ရသည်။

လက်တွဲလမ်းပြမှုတစ်ခု၏ သက်တမ်း

သုတေသနတွေ့ရှိချက်များအရ လက်တွဲလမ်းပြမှုတစ်ခုသည် ကျိုးကြောင်းဆီလျော်စွာသတ်မှတ်ထားသော အဆင့်များအလိုက် ဖွံ့ဖြိုးတိုးတက်မှု ရရှိလာကြောင်း ယေဘုယျဆိုနိုင်သည် (Chao ၁၉၉၇၊ Kram ၁၉၈၅)။ စတင်မိတ်ဆက်ချိန်မှ တစ်နှစ်အထိကို ပထမအဆင့်၊ ကြီးထွားအောင်မြင်လာအောင် ပြုစုပျိုးထောင်ရသည့် ၂ နှစ်မှ ၅ နှစ်အထိကို ဒုတိယအဆင့်၊ ၂ နှစ် မှ ၅ နှစ် နောက်ပိုင်းဖြစ်ပေါ်သည့် ခွဲခွာခြင်းကို တတိယအဆင့်၊ ခွဲခွာခြင်းအဆင့်အပြီး ၃/၄ နှစ်အကြာတွင် ဖြစ်ပေါ်သည့် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကိုမူ နောက်ဆုံးအဆင့်ဟု သတ်မှတ်သည်။

လက်တွဲလမ်းပြမှု၏ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ပုံ အဆင့်ဆင့်



စီမံကိန်း၏ ပန်းတိုင်များ အောင်မြင်ခြင်း

ဤရှေ့ပြေးစမ်းသပ်ဆောင်ရွက်သည့် နိုင်ငံရေးဆိုင်ရာလက်တွဲလမ်းပြခြင်းအစီအစဉ်၏ ရည်ရွယ်ချက်မှာ လက်တွဲလမ်းပြမှုခံယူသူ (mentee) များအား အောက်ပါတို့ ရရှိလာရန် ကူညီရန်ဖြစ်သည် -

(၁) ပိုမိုထိရောက်ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်သည့် စွမ်းဆောင်ရည်များမြင့်တက်လာစေရေး

(၂) ကျား/မတန်းတူညီမျှရေးအတွက် ဥပဒေများနှင့် မူဝါဒများ ထွက်ပေါ်လာရန် ဦးဆောင်ရှေ့ရွက်ပြုနိုင်သော၊ လွှမ်းမိုးနိုင်စွမ်းရှိသော သူများ ဖြစ်လာစေရေး

ထိုပန်းတိုင်ဆိုင်ရာ တိုးတက်မှုများ ရရှိအောင် ပရိုဂရမ်အနေဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်ဟု ဤလေ့လာသုံးသပ်မှုတွင် တွေ့ရှိရသည်။

ရည်မှန်းချက် ၁။ ပိုမိုထိရောက်ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်သည့် စွမ်းဆောင်ရည်များ မြင့်တက်လာရေး

အစီအစဉ်၏ သက်ရောက်မှုအပိုင်းကို လေ့လာဆန်းစစ်ရန် အခြေခံအချက်အလက်များ (baseline data) ရှိနှင့်မနေပါ။ ထို့ကြောင့် ဤလေ့လာသုံးသပ်မှု၌ Mentee များအား အစကနဦးနှင့် အဆုံးတွင် စစ်တမ်းကောက်ရာမှ ရရှိသော အချက်အလက်များနှင့် သက်ဆိုင်ပါဝင်သူများကို တွေ့ဆုံမေးမြန်းရာမှ ရရှိသော အချက်အလက်များကို အသုံးပြုထားပါသည်။

Mentee ၆ ဦးအနက် ၃ ဦးကို မေးခွန်း ၁၆ ခုဖြင့် အစကနဦးနှင့် အဆုံးတွင် စစ်တမ်းကောက်ယူခဲ့သည်။ စစ်တမ်းက အောက်ပါ အချက်များနှင့်ပတ်သက်၍ Mentee များ၏ နားလည်မှုနှင့် ကျွမ်းကျင်မှုတို့ကို လွှမ်းခြုံကောက်ယူခဲ့ခြင်း ဖြစ်သည်။

- လွှတ်တော်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဥပမာ - အများရှေ့တွင် စကားပြောခြင်းစွမ်းရည်၊ လွှတ်တော်အတွင်း အပြန်အလှန် ဆွေးနွေးငြင်းခုံခြင်း
- ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် ကျား/မဦးရေ သတ်မှတ်ခြင်း (gender quotas) အပါအဝင် ကျား/မတန်းတူရေး ကိစ္စရပ်များ
- လက်တွဲလမ်းပြခြင်း

Mentee များအား ပရိုမတိုင်မီက အနေအထားနှင့် ပရိုဂရမ်အပြီးတွင် ရရှိသော ၎င်းတို့၏ ကျွမ်းကျင်မှု၊ နားလည်မှု သို့မဟုတ် ယုံကြည်မှုတို့ကို ၎င်းတို့ကိုယ်တိုင် ၁ မှ ၅အထိအမှတ်ပေးစေ ခဲ့သည်။ ၁ ဆိုလျှင် အမှတ်အနိမ့်ဆုံးဖြစ်ပြီး ၅ ဆိုလျှင်အမှတ် အမြင့်ဆုံးဖြစ်သည်။ လူနမူနာအရေအတွက် (sample size) သည် အကောင်းဆုံးဟု မဆိုနိုင်သော်လည်း ရွေးချယ်ခဲ့သည့် Mentee များ၏ စွမ်းဆောင်ရည်ဆိုင်ရာ ပြောင်းလဲမှုများရှိသည်ဟု တွေ့ရှိနိုင်သည်။ ပရိုဂရမ်မတိုင်မီက ပျမ်းမျှအမှတ်သည် ၂.၇၉ ရှိရာမှ ပရိုဂရမ်အပြီးတွင်မူ ၄.၁၀ ဖြစ်လာသည်ကို ကြည့်ခြင်းဖြင့် လက်တွဲလမ်းပြမှု ပရိုဂရမ်သည် စီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်အပိုင်းတွင် ကောင်းမွန်သော အကျိုးရလဒ်ရရှိခဲ့ကြောင်း အမျိုးသမီး MPs များက လက်ခံယူဆကြသည်။

စိတ်ဝင်စားစရာကောင်းသည်မှာ အကြီးမားဆုံးအပြောင်းအလဲကို ပါတီအတွင်း အမျိုးသားများနှင့် အလုပ်လုပ်ရန် ယုံကြည်ချက်တွင် တွေ့ရခြင်းဖြစ်သည်။ ပရိုဂရမ်မတိုင်မီက ပျမ်းမျှအမှတ် ၂.၃၃ ရှိရာမှ ပရိုဂရမ်အပြီးတွင်မူ ၄.၃၃ ဖြစ်လာခဲ့သည်။ ထိုမေးခွန်းအတွက်လည်း အခြေခံကိန်းဂဏန်းများ (baseline figure) အနည်းဆုံး

စွမ်းဆောင်ရည်ကို Feminist ရှုထောင့်မှ နားလည်ခြင်း

နိုင်ငံရေးတွင် အမျိုးသမီးပါဝင်မှု နည်းပါးခြင်း၏ အဓိက အကြောင်းရင်း တစ်ရပ် မှာ 'စွမ်းဆောင်ရည်မရှိခြင်း' ကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ စွမ်းဆောင်ရည်ဟု ဆိုရာတွင် ဗဟုသုတ သို့မဟုတ် ကျွမ်းကျင်မှုဟုသာ မမြင်သင့်ဘဲ စွမ်းဆောင်ရည်တည်ဆောက်မြှင့်တင်ခြင်းဟူသည့် ကျယ်ပြန့်သော မူဘောင်အတွင်းမှလည်း နားလည်သင့်ပေသည်။ စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်ခြင်းဆိုသည်မှာ "နည်းဗျူဟာမြောက် ဘဝရွေးချယ်မှုများ ပြုလုပ်နိုင်မည့် အရည်အသွေး ငြင်းပယ်ခံခဲ့ရသော၊ မရရှိနိုင်ခဲ့သော သူများအား ထိုအရည်အသွေးရရှိလာစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်" (Kabeer ၂၀၀၅)။ ထို့ကြောင့် စွမ်းဆောင်ရည်ဆိုသည်မှာ ရွေးချယ်မှုများ ပြုလုပ်နိုင်သည့် အရည်အသွေးပင်ဖြစ်ပါသည်။ Kabeer ၏ အဆိုအရ စွမ်းဆောင်ရည် မြှင့်တင်မှု လုပ်ငန်းစဉ်အတွက် အဓိကအချက်အချာရှုထောင့် ၃ ခုရှိပြီး ၎င်းတို့သည် အပြန်အလှန်ချိတ်ဆက်မှုရှိသည် - အရင်းအမြစ်များ (Resources)၊ လုပ်ငန်းစဉ် (Agency) နှင့် အောင်မြင်မှုများ (Achievements) တို့ဖြစ်သည်။ "လုပ်ငန်းစဉ် (agency) တွင် ရွေးချယ်မှုများ ပြုလုပ်ပြီး အကျိုးသက်ရောက်မှု ရှိစေရန် ဆောင်ရွက်သည်၊ အရင်းအမြစ်များဆိုသည်မှာ လုပ်ငန်းစဉ်က လုပ်ငန်းအကောင်အထည်ဖော်သည့် နည်းလမ်းဖြစ်သည်၊ အောင်မြင်မှုများဆိုသည်မှာ လုပ်ငန်းစဉ်၏ ရလဒ်များကိုဆိုလိုသည်" (ibid)။ ဤရှုထောင့် ၃ ရပ်တွင် အပြန်အလှန်ဆက်စပ်မှု၊ အပြန်အလှန်အကျိုးပြုမှုနှင့် လွှမ်းမိုးမှုရှိပြီး အဆိုပါ ပြန်လှန်ချိတ်ဆက်မှုကပင် စွမ်းဆောင်ရည် မြှင့်တင်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ အမျိုးသမီးများ၏ အတွေ့အကြုံများကိုပုံဖော်ပေးသည်။ ထို့ကြောင့် စွမ်းဆောင်ရည်အတွက် လုပ်ငန်းစဉ် (agency) နှင့် အရင်းအမြစ်နှစ်ခုလုံး လိုအပ်ပြီး အောင်မြင်မှုများဖြင့် တိုင်းတာနိုင်သည်။ ဤ feminist ရှုထောင့်မှ စွမ်းဆောင်ရည်ဆိုသည်ကို နားလည်အောင်ကြည့်ခြင်းသည် မရှိမဖြစ်အရေးပါသည်။ သို့မှသာလျှင် အမျိုးသမီးများ တန်းတူညီမှု မရရှိခြင်း၏ အကြောင်းအရင်းတစ်ရပ်မှာ ၎င်းတို့တွင် စွမ်းဆောင်ရည်မရှိခြင်းကြောင့် ဖြစ်သည်ဟူသည့် အမျိုးသမီးများ အပေါ် နှိမ်ချဆက်ဆံသူ (misogynist) တို့၏ နှိမ်ချပြောဆိုမှုများ အား ဖယ်ရှားနိုင်မည်ဖြစ်သည်။ အခရာအဖွဲ့နှင့် IWDA အဖွဲ့၏ ဝန်ထမ်းများနှင့် အကြံပေးပညာရှင်များသည် လွှတ်တော်ကိုယ်စားလှယ် အဖြစ်ရွေးကောက်ခံခဲ့ရသည့် အမျိုးသမီးများသည် စွမ်းဆောင်ရည် မြင့်မားကြသည်ဟု အသိအမှတ်ပြုကြကြောင်း လေ့လာဆန်းစစ်မှုတွင် တွေ့ရှိရသည်။

ပရိုဂရမ်မစမီနှင့် အဆုံးတွင် တွေ့ရသည့် အကြီးမားဆုံး ပြောင်းလဲမှုများ



သာ ရှိနေနှင့်ခဲ့သည်။ MPs များက ၅ မှတ် အပြည့်ပေးခဲ့သည့် အပိုင်းမှာ အများရှေ့တွင် စကားပြောခြင်းစွမ်းရည်ဖြစ်သည်။ ထိုအပိုင်းတွင် စွမ်းဆောင်ရည်အမြင့်ဆုံးရရှိခဲ့သည်ဟု ၎င်းတို့ ခံစားရသည်ဟု ဆွေးနွေးခဲ့သည်။ပရိုဂရမ်ကလည်း အများရှေ့တွင် စကားပြောဆိုခြင်းနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ခဲ့သည်။ သြစတြေးလျသို့ လေ့လာရေးခရီးစဉ်တွင် ပရိုဂရမ်သည် အများရှေ့တွင် စကားပြောဆိုခြင်းအပိုင်းနှင့်ပတ်သက်၍ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပပြီး ပြောဆိုဆက်ဆံရေးပိုင်း ကျွမ်းကျင်သူ MP ဟောင်းတစ်ဦးက ဦးဆောင် ဆွေးနွေးခဲ့သည်။ ရလဒ်များအရ အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် MPs များအတွက် အကျိုးရှိကြောင်း တွေ့ရှိရသည်။

အင်တာဗျူးတွင် ဖြေကြားပေးခဲ့သော Mentee များ၏ အဆိုအရ ပရိုဂရမ်သည် ၎င်းတို့အတွက် ကျွမ်းကျင်မှုများရရှိလာအောင် နည်းလမ်းအသွယ်သွယ်ဖြင့် ကူညီပေးနိုင်ခဲ့သည်ဟု သိရသည်။ အမိကနိုင်ငံရေးသတင်းအချက်အလက်များကို သတ်မှတ်ချိန်အတွင်း တစ်စုတစ်စည်းတည်း ပြင်ဆင်နိုင်သည့် စွမ်းရည်၊ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် စဉ်ဆက်မပြတ် စည်းရုံးခြင်းဆိုင်ရာ အယူအဆများ ထိရောက်စွာ ထည့်သွင်းအသုံးပြုခြင်း၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရင်းနှီးစွာ ဆက်ဆံခြင်းစသော စွမ်းရည်များ အပါအဝင်ဖြစ်သည်။ Mentor များအတွက် အရင်းအမြစ်များ မည်သို့ကောင်းမွန်စွာ ရရှိကြောင်း၊ အထောက်အကူပြု ဝန်ထမ်းများက Mentor များအား မည်သို့ အကူအညီပေးကြကြောင်း သိရှိရပြီး နောက်ပိုင်း မြန်မာ့ရွေးကောက်ခံ ကိုယ်စားလှယ်အဖြစ် စွမ်းဆောင်ရန် ၎င်းတို့၏ ယုံကြည်ချက်များ ခိုင်မာလာသည်ဟု Mentee အနည်းငယ်က တင်ပြကြသည်မှာ အနည်းငယ်ထူးဆန်းသည်။ Mentee များအတွက် လက်ရှိအနေအထားတွင် အရင်းအမြစ်များ လုံလောက်မှုမရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှု အပိုင်းတွင် အတွေ့အကြုံနည်းခြင်းတို့ တွေ့ကြုံနေရသော်လည်း ကင်ဘာရာသို့ လေ့လာရေးခရီး သွားရောက်အပြီး၌ Mentee များသည် လက်ရှိအနေအထားတွင်လည်း ၎င်းတို့ မဲဆန္ဒရှင်ပြည်သူများအတွက် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ရန် စိတ်အားထက်သန်မှုရှိကြောင်း သိရှိလာရသည်ဟုဆိုသည်။

စွမ်းဆောင်ရည်ဆိုင်ရာ ပြောင်းလဲမှုများကို အခြားသက်ဆိုင်ပါဝင်သူများကလည်း သတိထားမိခဲ့ကြသည်။ နိုင်ငံရေးပါတီ အင်တာဗျူးတစ်ခုတွင် ပါတီဘက်မှ ပြောကြားသည်မှာ ပရိုဂရမ်တွင် Mentee အဖြစ်ပါဝင်ခဲ့သူ ၎င်းတို့ MP ၏ စွမ်းဆောင်ရည် တိုးတက်လာမှုနှင့် ပတ်သက်ပြီး အထင်ကြီးမိသည် ဟူ၍ဖြစ်သည်။ "သူမရဲ့ အများရှေ့မှာ စကားပြောတဲ့ စွမ်းရည် တိုးတက်လာတာ ကျွန်ုပ်တို့တွေ တော်တော်များများ သတိထားမိပါတယ်။ ပေးထားတဲ့ အချိန်အတွင်းမှာ အမိက သတင်းအချက်အလက်တွေ ပေးနိုင်စွမ်း၊ ချက်ကျလက်ကျ ပြောနိုင်စွမ်း၊ ဒါတွေတွေ့ရပါတယ်။ သူမရဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့ ပညာရေးဆိုင်ရာ၊ အခြေခံအဆောက်အအုံဆိုင်ရာ၊ လူမှုလိုအပ်ချက်ဆိုင်ရာ အခက်အခဲတွေ အကြောင်းသူမက ဦးစားပေးတင်ပြလာနိုင်ပါတယ်" (နိုင်ငံရေးပါတီတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးနှင့် KII ပြုလုပ်ထားမှုကို ကောက်နတ်တင်ပြသည်)။

စွမ်းဆောင်ရည်ပိုင်းတွင် ပြောင်းလဲမှုကို ပြင်ပမှ သက်ဆိုင်ပါဝင်သူများကလည်း သတိထားမိခဲ့ကြသည်။ နိုင်ငံတကာမှ သက်ဆိုင်ပါဝင်သူတစ်ဦး၏ အဆိုအရ အမျိုးသမီး MP များ၏ အရေးကြီးသက်ဆိုင်ပါဝင်သူများနှင့် တွေ့ဆုံရာ၌ ချဉ်းကပ်မှုသည် ပရိုဂရမ်အစနှင့်အဆုံးတွင် မတူကွဲပြားမှုရှိလာကြောင်း သတိထားမိသည်ဟု သိရှိရသည်။ အစပထမတွင် အလုပ်သည် MP များအတွက် အသစ်အဆန်းဖြစ်နေပြီး နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုအစီအစဉ်များနှင့် ကိုက်ညီစွာတင်ပြဆွေးနွေးနိုင်သည့် စွမ်းရည် အားနည်းကြောင်းတွေ့ရသည်။ သို့သော်လည်း ပရိုဂရမ်အရှိန်ရလာသည့် အချိန်တွင်မူ Mentee များ၏ ကိုယ့်ကိုယ်ကိုယုံကြည်မှု၊ နိုင်ငံရေးဆိုင်ရာ အချက်အလက်များ တင်ပြနိုင်မှုနှင့် နိုင်ငံရေးပန်းတိုင်ရောက်ရှိအောင် အားထုတ်မှုများတွင် တိုးတက်ပြောင်းလဲလာကြောင်းတွေ့ရှိခဲ့ရသည်။

ဘာတွေက ဤသို့စွမ်းဆောင်ရည်ပြောင်းလဲမှုကို ဖြစ်ပေါ်စေခဲ့တာလဲ။

သြစတြေးလျသို့လေ့လာရေးခရီး

မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ကင်ဘာရာသို့ လေ့လာရေးခရီးသွားရောက်ပြီး သမားရိုးကျဆန်သော အကူအညီသာမက သမားရိုးကျမဆန်သော အကူအညီများရရှိနိုင်ခဲ့ခြင်းသည် စွမ်းဆောင်ရည်ဆိုင်ရာ အကူအညီနှင့်ပတ်သက်လာလျှင် လွှမ်းမိုးနိုင်မှု အရှိဆုံး အတွေ့အကြုံတစ်ရပ်လည်း ဖြစ်ပါသည်။

သိသာထင်ရှားမှု အရှိဆုံးပြောင်းလဲမှု အကြောင်းအရာတစ်ခု - ဒေါ်ခင်စောဝေ



Photo credit: Jennifer Nagy

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်မှ ဒုတိယသက်တမ်း တာဝန်ထမ်းဆောင်နေသူ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်ခင်စောဝေသည် ကျား/မဆိုင်ရာ သိနားလည်မှုရှိသော ကျန်းမာရေး/ ပညာရေး/ လူမှုဖူလုံရေးမူဝါဒများ အကြောင်း ပိုမိုသိရှိ နားလည်လိုသည့် အတွက် လက်တွဲလမ်းပြခြင်း အစီအစဉ်တွင် ပါဝင်ခဲ့ပါသည်။ သူမကို လက်တွဲလမ်းပြသူ (Mentor) မှာ ALP မှ Dr Lesley Clark ဖြစ်ပါသည်။ ဤပရိုဂရမ်၏ ရလဒ်တစ်ခုအဖြစ် သူမအတွက် သိသာထင်ရှားမှုအရှိဆုံး ပြောင်းလဲမှုမှာ သြစတြေးလျ လေ့လာရေးခရီးမှ သူမရရှိခဲ့သော အတွေ့အကြုံနှင့် သင်ယူလေ့လာမှုတို့ ဖြစ်ပါသည်။ ခရီးစဉ်တွင် သူမ Mentor ၏ မဲဆန္ဒနယ်ဖြစ်သော Barron River၊ Cairns သို့ သွားရောက်လေ့လာခွင့်လည်း ရခဲ့သည်။ အဆိုပါ မဲဆန္ဒနယ်၏ ပထဝီအနေအထားသည် သူမ၏ မဲဆန္ဒနယ်နှင့် ဆင်တူမှုများ ရှိသည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိပြီး သဘာဝသယံဇာတကြွယ်ဝသည့် မဲဆန္ဒနယ်ဖြစ်သည်။

သူမအနေဖြင့် ပြည်နယ်အလိုက် ဝင်ငွေရရှိမှု မူဝါဒများအကြောင်း၊ သဘာဝသယံဇာတများအား မည်သို့ ကာကွယ်ထိန်းသိမ်းထားကြောင်း (ဥပမာ - သစ်တောများ၊ ကမ်းခြေများ၊ ရေလုပ်သားတို့ အခြေအနေ) စသည်တို့ကို သင်ယူလေ့လာရရှိခဲ့သည်။ တိုးတက်လာသော Ecotourism သည် Cairn ဒေသ၏ စီးပွားရေးကို များစွာ အထောက်အကူပြုနေကြောင်း သူမမြင်တွေ့ခဲ့ရသည်။ ထို့အပြင် ဒေသန္တရအစိုးရ၏ ဆောင်ရွက်ချက်များကို လေ့လာခဲ့ရသည့်အတွက် ပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးဆိုင်ရာ အစိုးရ၏ အခန်းကဏ္ဍအပေါ် သူမရှုမြင်သုံးသပ်ရာ၌ သိသာထင်ရှားမှု

အရှိဆုံး ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်စေခဲ့သည်။ ရခိုင်ပြည်နယ်တွင်လည်း မပျက်စီးသေးသော ရှည်လျားသော ကမ်းခြေရှိပြီး ရေနက်ဆိပ်ကမ်း တစ်ခုလည်းတည်ရှိသည်။ Ecotourism ကို သာ ဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါခရီးသွားလုပ်ငန်းမှ ဝင်ငွေကို ရခိုင်ပြည်နယ်အတွင်း လူမှုဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်ရုံသာမကဘဲ အခြားဒေသများအတွက်လည်း အသုံးပြုနိုင်မည် ဖြစ်သည်။ ဤသို့မူဝါဒ ဆိုင်ရာလေ့လာမှု အခွင့်အရေးရရှိခဲ့သည့် အတွက် ပြည်နယ်များနှင့် ဒေသငယ်များအကြား အရင်းအမြစ်မျှဝေခြင်း အစီအစဉ်ဆိုင်ရာ ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ သူမ၏ သိနားလည်မှုများ မြင့်တက်လာခဲ့သည်။

ပြုလုပ်နိုင်စွမ်းရည် (agency) သည် စွမ်းရည် သို့မဟုတ် အခွင့်အရေးအပေါ်တွင်သာ မူတည်နေသည်မဟုတ်ဘဲ ဖြစ်နိုင်ခြေ ပမာဏပေါ်တွင်လည်း အရေးကြီးစွာ မူတည်လျက်ရှိသည်။ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန် လူတစ်ဦးသည် အနာဂတ်ကို ကြိုတင်စဉ်းစားပုံဖော်ထားရမည်။ မိမိတို့ လိုလားသော အောင်မြင်မှုများဖြစ်နိုင်ခြေရှိသည့် အနာဂတ်ဖြစ်ရပေမည်။ မြန်မာ့အမျိုးသမီး MP များအတွက်မူ ဖွဲ့စည်းတည်ဆောက်မှု မညီမျှမှုများ (structural inequalities) အရ ၎င်းတို့၏ ရွေးချယ်မှုများအပေါ် ကန့်သတ်မှုများရှိနေခြင်း၊ ယခင်ကဒီမိုကရေစီ အတွေ့အကြုံများ မရှိခဲ့ခြင်းနှင့် ငွေကြေးအရင်းအမြစ် မလုံလောက်ခြင်းတို့ကြောင့် လွယ်ကူသောတာဝန် တစ်ရပ်မဟုတ်ပေ။ သြစတြေးလျ ပါလီမန်သို့ လေ့လာခွင့်ရခဲ့ခြင်းကြောင့် "လေ့လာသူများအတွက် ဘာတွေ ဖြစ်နိုင်လဲ၊ ဘာတွေ အောင်မြင်နိုင်လဲဆိုတာမျိုး အတွေးအခေါ် လေးတွေ လမ်းပွင့်သွားတာ တွေ့ရပါတယ်" ဟု Mentor တစ်ဦးက ဆိုသည် (Mentor နှင့် KII အင် တာဗျူး)။ နှစ်ပေါင်းများစွာကပင် တည်ရှိလာခဲ့သည့် ဒီမိုကရေစီပါလီမန်သို့ ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရခဲ့ခြင်းသည် ဖြစ်နိုင်ခြေလမ်းစများ ပွင့်လာရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်လည်း ဖြစ်သည်။ ထိုမျှသာမက အချို့သော ဖြစ်ရပ်လေးများသည် Mentee များ၏ စွမ်းဆောင်ရည် အပေါ် ခြုံငုံ၍ တိုက်ရိုက်သက်ရောက်မှု ရှိစေခဲ့သည်ဟု တင်ပြကြသည် -

(က) အများရှေ့တွင် စကားပြောဆိုခြင်းသင်တန်း

မကြာခဏ ကြားရသည့် အကူအညီတစ်ခုမှာ အများရှေ့တွင် စကားပြောဆိုခြင်း သင်တန်းပင်ဖြစ်သည်။ လွှတ်တော်တွင် ၎င်းတို့ ဆောင်ရွက်ချက်များကို မည်သို့တင်ပြရမည်ဟူသည့် အသေးစိတ် အသိအမြင်များအား ဤသင်တန်းမှ ပေးအပ်နိုင်ခဲ့သည်။ အများရှေ့တွင် စကားပြောဆိုခြင်း သင်တန်းဆိုသော်လည်း ရိုးရိုးသာမန် လူအများရှေ့တွင် စကားပြောဆိုခြင်းသက်သက် မဟုတ်ဘဲ အထူးသဖြင့် လွှတ်တော်တွင်း ပြောဆိုတင်ပြမှုကို အဓိကထား သင်တန်းပေးခဲ့သည့် မှသည် MP များ၏ စွမ်းဆောင်ရည်အပေါ် ခြုံငုံ၍ သက်ရောက်မှုရှိခဲ့သည်။

(ခ) စဉ်ဆက်မပြတ် စည်းရုံးခြင်းအကြောင်း လေ့လာခြင်း

လက်တွဲလမ်းပြခြင်း ပရိုဂရမ်၏ စိတ်ဝင်စားဖွယ် အကောင်းဆုံး အချက်မှာ စဉ်ဆက်မပြတ် စည်းရုံးခြင်းအကြောင်း လေ့လာခြင်း ဖြစ်သည်ဟု အင်တာဗျူးဖြေကြားခဲ့သည့် MP အားလုံးက မကြာခဏပြောကြသည်။ ၎င်းတို့သည် ထိုနည်းဗျူဟာကို ၎င်းတို့ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင်လည်းကောင်း လက်တွေ့ အသုံးပြု နေပြီဖြစ်ပြီး ၂၀၂၀ ရွေးကောက်ပွဲများအတွက် စည်းရုံးမှု စတင်နေ ပြီဖြစ်သည်။ လက်တွဲလမ်းပြခြင်း အစီအစဉ်တွင် ၎င်းတို့ အလွန် တန်ဖိုးထားသည့် အယူအဆများအနက် တစ်ခုမှာ နိုင်ငံရေးသမားများသည် ရွေးကောက်ပွဲကာလ တစ်လျှောက်လုံး မဲဆန္ဒရှင်များနှင့် စဉ်ဆက်မပြတ် ထိတွေ့နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဆိုသည့် အချက်ဖြစ်သည်။ Mentee များသည် ၎င်းတို့ မဲဆန္ဒနယ်များတွင် မဲဆန္ဒရှင်များနှင့် ထိတွေ့ရန်နှင့် ၎င်းတို့၏ အခက်အခဲ ပြဿနာများအား နားထောင်သိရှိနိုင်ရန် ပိုမိုကြိုးပမ်းအားထုတ်မှုများ ပြုလုပ်နေ ပြီဖြစ်သည်။ စဉ်ဆက်မပြတ် မဲဆွယ်စည်းရုံးခြင်း (continuous campaigning) ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ၎င်းတို့သည် စည်းရုံးရေးဆိုင်ရာ သတင်းအချက်အလက်များအား ဆိုရှယ်မီဒီယာပေါ်တွင် အသိပေးတင်ပြခြင်း၊ လွှတ်တော်တွင်း၌လည်း မဲဆန္ဒရှင်များ၏ အခက်အခဲများအား တင်ပြပေးနသည်ဟု ပြည်သူများကို အသိပေးခြင်းနှင့် တုန့်ပြန်ဖြေကြားမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်သည်။ Mentee များနှင့် KII ပြုလုပ်ရာမှ သိရှိရသည်မှာ စဉ်ဆက်မပြတ် မဲဆွယ်စည်းရုံးရေးကို တီထွင်ဆန်းသစ်သည့် နည်းလမ်းများဖြင့် ပြုလုပ်နိုင်မည်ဆိုသော်လည်း အရင်းအမြစ်များ လိုအပ်မည်ဖြစ်သည် (အချိန်၊ ငွေကြေး၊ ခွန်အား)။ စဉ်ဆက်မပြတ် မဲဆွယ်စည်းရုံးမှုကို အမြင့်ဆုံးပြုလုပ်နိုင်ရန် MP များအတွက် အရင်းအမြစ်များ လုံလောက်စွာ ချထားပေးရန်လို အပ်သည်ဟု Mentee များက ဆိုကြသည်။ စဉ်ဆက်မပြတ် မဲဆွယ်စည်းရုံးခြင်းအတွက် ဆန်းသစ်သော၊ ကုန်ကျမှုနည်းသော နည်းလမ်းများအား Mentor များထံမှ လေ့လာခဲ့ရသည်ဟု အချို့ Mentee များကဆိုကြသည်။ အရင်းအမြစ်မြောက်များစွာ မလိုအပ်ဘဲ အကောင်အထည်ဖော်ရန် ဖြစ်နိုင်သော စဉ်ဆက်မပြတ် မဲဆွယ်စည်းရုံးခြင်း နည်းဗျူဟာများအား အနာဂတ်အစီအစဉ်များတွင် MP များအတွက် သင်ကြားပို့ချပေးသင့်ပြီး ဆိုရှယ်မီဒီယာမှတစ်ဆင့် ပြည်သူထံသို့ လက်လှမ်းမှီ ရောက်ရှိခြင်း အစီအစဉ်များ ဖော်ထုတ်သင့်သည်။ Mentor များ အကောင်အထည်ဖော်ခဲ့သည့် ပတ်ဝန်းကျင်သည် မြန်မာ့ပတ်ဝန်းကျင်နှင့် အလွန်ကွာခြားသော်လည်း အထက် ဖော်ပြပါ နည်းအားဖြင့် Mentee များသည် ၎င်းတို့ Mentor များထံမှ လေ့လာသင်ယူခဲ့ရသည်များအား လက်တွေ့ကျင့်သုံးနိုင်မည် ဖြစ်ပါသည်။

သိသာထင်ရှားမှု အရှိဆုံးပြောင်းလဲမှု အကြောင်းအရာတစ်ခု - ဒေါ်နန်းမိုး

Photo- Judith Graley MP & Daw Nan Moe MP.
Photo credit: Jen Clark.

ဤပရိုဂရမ်၏ ရလဒ်အနေဖြင့် ပြီးခဲ့သည့် နှစ်အတွင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးသည် သူမ၏ နိုင်ငံရေးသမား ဘဝတွင် သိသာထင်ရှားမှု အရှိဆုံး ပြောင်းလဲမှု နှစ်ခုကို ရရှိခဲ့သည်။

နဂိုကပင်စကားပြောမြန်ပြီး သူမ၏ မဲဆန္ဒနယ်တွင် လူ့အခွင့်အရေး မရရှိမှုအကြောင်းပြောလျှင် စိတ်ခံစားချက်ပြင်း ထန်စွာ ပြောဆိုတတ်သူ တစ်ဦးဖြစ်သည့်အားလျော်စွာ လွှတ်တော်တွင် သူမ၏ ပထမဦးဆုံး အများရှေ့ ပြောဆိုဆွေးနွေးမှုမှာ မချောမွေ့ခဲ့ပေ။ သူမ စိတ်ခံစားမှုအပေါ် မေးခွန်းထုတ်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၄၀၀ ကျော်ရှိနေသည်ဆိုသည့် အချက်က သူမအား စိုးရွံ့စေခဲ့သည်။ ထိုအတွေ့အကြုံကို သူမ၏ Mentor နှင့် ဆွေးနွေးခဲ့ပြီး Mentor က အများရှေ့ စကားပြောဆိုခြင်း (Public speaking) ဆိုင်ရာ လက်တွေ့အသုံးချ အဆင့်များအား ရှင်းလင်းသင်ပြပေးခဲ့သည် - ဥပမာအားဖြင့် စကားမပြောမီ အသက်ဝအောင်ရှူခြင်း၊ ရေအနည်းငယ်သောက်ခြင်းနှင့် မိမိပေးလိုသည့် သတင်းအချက်အလက်များ ထိထိရောက်ရောက်ပေးနိုင်အောင် ပြင်ဆင်ခြင်းတို့ဖြစ်သည်။ ဤအချက်များသည် အခြားသူများအတွက် သာမန်အကြံပြုချက်များသာ ဖြစ်နေနိုင်သော်လည်း သူမအတွက်မူ နိုင်ငံရေးတွင် အကြောင်းအရာ အတော်များများကို လေ့လာပြင်ဆင်ကာ ပိုထူးချွန်အောင် ပြုလုပ်နိုင်သည်ဟု သိရှိရခြင်းမှာ အားတက်စရာပင်ဖြစ်သည်။ ဤလက်တွေ့အချက်များအား သူမ၏ Mentor ဖြစ်ရုံသာမက အတွေ့အကြုံ ရင့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သူ Judith Graley ထံမှ ရရှိခဲ့ခြင်းသည် သူမအောင်မြင်နိုင်သည်ဟူသော ယုံကြည်မှုဖြစ်ပေါ်စေခဲ့သည်။ ဤစကားပြောဆိုခြင်း အကြံပြုချက်များကို လေ့ကျင့်ပြီးနောက် လွှတ်တော်တွင် သူမ၏ ဆောင်ရွက်ချက်များ တိုးတက်လာသည်ဟု အခြားကိုယ်စားလှယ်များက သတိထားမိလာသည်။ ဤလက်တွဲ လမ်းပြခြင်း အစီအစဉ်ကြောင့် နောက်ထပ်သိသာထင်ရှားဆုံး အပြောင်းအလဲတစ်ခုမှာ စဉ်ဆက်မပြတ်မဲဆွယ်စည်းရုံးခြင်း၏ အရေးပါမှုပင်ဖြစ်သည်။ ဥပဒေပြုသူတစ်ဦးအနေဖြင့် ရပ်တန့်နေရမည့် အချိန်မရှိဟု သူမ၏ Mentor ကညွှန်ပြခဲ့သည်။ မဲဆန္ဒရှင်ပြည်သူများ၏ အသံကိုနားထောင်ရန်၊ ၎င်းတို့၏ ပြဿနာရပ်များကို သိရှိနိုင်ရန်နှင့် ပြည်သူများနှင့် ထိတွေ့နိုင်ရန် အတွက် ရနိုင်သည့် အခွင့်အလမ်းတိုင်းကို ဖမ်းဆုပ်ထားရ မည်ဟု ညွှန်ပြခဲ့သည်။ ဤအချက်သည် ပြန်ကြားချက်ပေးခြင်း လုပ်ငန်းစဉ်ကောင်းတစ်ခု ဖြစ်ရုံမျှမက လွှတ်တော်ကိုယ်စားလှယ်၏ မူဝါဒနှင့် ရည်မှန်းချက်ဆိုင်ရာ ဦးတည်ချက်များကို ရှင်းလင်းခိုင်မာလာစေသည်။ ယခုအခါ လွှတ်တော်အစည်းအဝေးများ မရှိချိန် သူမ၏ မဲဆန္ဒနယ်ကို ပြန်သည့်အခါတွင် မဲဆန္ဒရှင်များနှင့် တွေ့ဆုံကာ ၎င်းတို့၏ အသံများနှင့် အခက်အခဲများကို ပိုမိုထိရောက်စွာ နားထောင်နိုင်ရန်အတွက် ပို၍ ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်တော့မည်ဖြစ်ပါသည်။

ရည်မှန်းချက် ၂။ ကျား/မတန်းတူညီမျှရေးအတွက် ဥပဒေများထွက်ပေါ်လာရန် ဦးဆောင်ရှေ့ရွက်ပြုနိုင်သော၊ လွှမ်းမိုးနိုင်စွမ်းရှိသော သူများ ဖြစ်လာစေရေး။

အမျိုးသမီးလုပ်ရှားမှုနှင့် ခိုင်မာသည့် ချိတ်ဆက်မှုမရှိသူ အမျိုးသမီး MP များအားပရိုဂရမ်က အဓိကထားရွေးချယ်ခဲ့သည်။ ပရိုဂရမ်၏ သွယ်ဝိုက်ပြောင်းလဲမှု သီအိုရီအရ ဤပရိုဂရမ်တွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကျား/မတန်းတူညီမျှရေးအတွက် ဥပဒေမူဘောင်များ၏ အရေးပါမှုကို အမျိုးသမီးများ ပိုမိုသိရှိနားလည်လာပြီး အမျိုးသမီးလုပ်ရှားမှုအတွက် အောက်တွင် ဖော်ပြထားသည့် ကိုးကားချက်အတိုင်း ဦးဆောင်ရှေ့ရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ဖြစ်သည်။

"လက်တွဲလမ်းပြခြင်း ပရိုဂရမ်က ဘာကိုကိုယ်စားပြုသလဲဆိုရင် Mentee တွေရဲ့ဘဝမှာ ပရိုဂရမ်ရဲ့ရလဒ်အဖြစ် ပြောင်းလဲမှုလေးတွေသန္ဓေတည်၊ အခြေတည်သွားခဲ့မယ်ဆိုရင် ကျား/မတန်းတူရေးဥပဒေတွေကို ဥပဒေမူဘောင်အတွင်းကနေ ခိုင်ခိုင်မာမာ ဦးဆောင်ရှေ့ရွက်ပြုနေသူတွေအဖြစ် အမျိုးသမီးလုပ်ရှားမှုတွေက သူတို့ကို အားကိုးလာနိုင်မှာဖြစ်ပါတယ်" (အခရာဝန်ထမ်းတစ်ဦးနှင့် KII အင်တာဗျူး)

ရှေ့ပြေးစမ်းသပ်မှု ပြုလုပ်နေစဉ်အတွင်း အမျိုးသမီး MP များ၏ ကျား/မတန်းတူရေးအပေါ် ဆောင်ရွက်ချက်များပို၍ လေးလေးနက်နက်ရှိလာသည်ဟု Mentor များနှင့် သက်ဆိုင်ပါဝင်သူများက သတိပြုမိခဲ့သည်။ ပရိုဂရမ်တွင် မပါဝင်ခဲ့စဉ်က အမျိုးသမီး MP တစ်ဦးကသာ ကျား/မ ရေးရာ၊ ဂျန်ဒါ အချိုးကျခွဲတမ်း သတ်မှတ်ချက် (gender quota) အကြောင်း ဆွေးနွေးပြီး ကျား/မတန်းတူရေးနှင့် ချိတ်ဆက်မှုရှိခဲ့ သည်။ ဤလေ့လာသုံးသပ်မှု ပြုလုပ်သည့် အချိန်တွင်မူ ကျား/မ တန်းတူညီမျှရေးကို မြှင့်တင်ပေးနိုင်မည့် လုပ်ငန်းဆောင်တာများအား အလေးထားဆောင်ရွက်လိုမှုကို အင်တာဗျူးဖြေကြားသူ Mentee များအားလုံးက ရှင်းလင်းစွာ ဖော်ပြခဲ့ကြသည်။ ဤအချက်သည် ပါတီနိုင်ငံရေးနှင့် မသက်ဆိုင်ဘဲ ၎င်းတို့၏ အမျိုးသမီးများအဖြစ် အတွေ့အကြုံများနှင့် သက်ဆိုင်မှုရှိသည်ဟု ယူဆနိုင်ကြောင်း အောက်ပါကိုးကားချက်တွင် တွေ့မြင်နိုင်သည်။

"လူတိုင်းဟာ အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ရှေးရှုလုပ်ဆောင်နေကြတာ ဖြစ်တယ်ဆိုတဲ့ အချက်နဲ့ ပါတီတွေကြား လုပ်ငန်းလုပ်ဆောင်တဲ့အခါ ကြုံတွေ့ရနိုင်တဲ့ အခက်အခဲတွေကို မြန်မြန်ဆန်ဆန် ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့ ကျမတို့ဘယ်ပါတီကို ကိုယ်စားပြုတယ်ဆိုတာက အရေးမကြီးပါဘူး၊ အားလုံးက တူညီတဲ့ ရည်ရွယ်ချက်နဲ့ လမ်းကြောင်းတစ်ခုတည်းပေါ်မှာရှိခဲ့ပါတယ်" (လွှတ်တော်ကိုယ်စားလှယ်နှင့် KII အင်တာဗျူး)။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပခြင်းမှတစ်ဆင့်လည်း ကျား/မတန်းတူရေးဆိုင်ရာ အလေးအနက်ထားမှုကို ပြသနိုင်ခဲ့သည်။ Mentee များက ၎င်းတို့ မဲဆန္ဒနယ်များတွင် အမျိုးသမီးအခွင့်အရေးများနှင့် ကျား/မဆိုင်ရာ လိုအပ်ချက်များအား ဆွေးနွေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (IWD) အခမ်းအနားကျင်းပ နိုင်ရန် အကူအညီကို အထူးတလည် တောင်းဆိုခဲ့ကြသည်။ ထိုအခမ်းအနားများကို ရပ်ရွာလူထုကကြိုဆိုလိမ့်မည်ဟု Mentee များကယူဆကြသည်။ MP တစ်ဦးက အဆိုပါ အခမ်းအနားကို အခြားတစ်နေရာတွင် ကျင်းပသင့်မှန်းသိသော်လည်း

သိသာထင်ရှားမှု အရှိဆုံးပြောင်းလဲမှု အကြောင်းအရာတစ်ခု - ဒေါ်ခင်ဆွေလွင်

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင်အတွက် ဤလက်တွဲလမ်းပြခြင်းပရိုဂရမ်၏ ရလဒ်အနေဖြင့် သိသာထင်ရှားမှု အရှိဆုံးအပြောင်းအလဲမှာ သူမ၏ မဲဆန္ဒနယ်၊ ချင်းပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ လက်တွဲလမ်းပြခြင်းပရိုဂရမ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် သူမ၏ လွှတ်တော်တာဝန်များအကြောင်း ရိုက်နှိပ်ဖော်ပြထားသည့် စာအုပ်ငယ်တစ်ခုကို အခရာအဖွဲ့က ပံ့ပိုးပေးနိုင်ခဲ့သည်။ သူမ၏ မဲဆန္ဒရှင် ပြည်သူများအား ၎င်းတို့၏ ကိုယ်စားလှယ်အကြောင်းနှင့် သူမ၏ အခန်းကဏ္ဍကို အသိပေးခြင်းနည်းလမ်းတစ်ရပ်လည်းဖြစ်သည်။ သူမ၏ မဲဆန္ဒနယ်အတွင်း ကိုယ်စားပြုဒီမိုကရေစီအကြောင်းကို သိနားလည်သူ နည်းပါးသည့်အားလျော်စွာ ပြည်သူများအား သူမ၏ လုပ်ဆောင်ချက်များနှင့် မည်သည့်အစီအစဉ်များအား သူမကိုယ်စားပြုကြောင်း အသိပေးရန် မဖြစ်မနေလိုအပ်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် MP များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ခဲ့ပြီး ပြည်သူကိုယ်စားပြု ၎င်းတို့ယူထားသည့် တာဝန်များအကြောင်းကို မီးမောင်းထိုးပြနိုင်ခဲ့သည်။ သူမအကြောင်း ဖော်ပြထားသည့် စာအုပ်ကလေးကို လိုချင်သူများပြားလာခြင်းသည် သူမနေပြည်တော်တွင် မည်သည့်တို့ကို လုပ်ဆောင်နေသည်ကို IWD အခမ်းအနားမှ တစ်ဆင့် ပြည်သူများ ပိုမိုသိရှိနားလည်လာကြောင်းဖော်ပြနေသည့် ထင်ရှားသည့် သက်သေအထောက်အထားပင်ဖြစ်သည်ဟု သူမယုံကြည်သည်။ တက်ရောက်သူ များပြားခြင်းကြောင့် လူများအနေဖြင့် ရပ်ရွာအတွင်း အမျိုးသမီးအခွင့်အရေးများအကြောင်း၊ အမျိုးသမီးတို့၏ အခန်းကဏ္ဍများအကြောင်းနှင့် အမျိုးသမီးများ ထမ်းရွက်ထားရသော ဝန်ထုပ်ဝန်ပိုးများအကြောင်း ဆွေးနွေးမှုများဖြစ်ပေါ်လာသည်။ ရပ်ရွာအတွင်း ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ခွဲခြားဆက်ဆံမှု၊ ဖယ်ကျဉ်မှုများ အကြောင်းကိုဆွေးနွေးသည့် အမျိုးသားများလည်းပါဝင်ခဲ့သည်။ အချို့သော အမျိုးသားများက ကျား/မတန်းတူရေးသည် အမျိုးသမီးများနှင့်သာသက်ဆိုင်သည်မဟုတ်ဘဲ အမျိုးသမီးများအပေါ် ဖယ်ကျဉ်မှု၊ ခွဲခြားဆက်ဆံမှုများကိုဖြေရှင်းရာတွင် အမျိုးသားများသည်လည်း ပါဝင်သင့်ကြောင်းဖော်ပြခဲ့ကြသည်။ IWD အခမ်းအနားတွင် အမျိုးသမီးများက ရိုးရာတေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ၎င်းသည်အခမ်းအနား၏ စိတ်ဝင်စားစရာ အကောင်းဆုံး အချက်တစ်ချက်လည်းဖြစ်သည်။

Photo- Senator Claire Moore & Daw Khin Swe Lin MP.
Photo credit: Shwe Wutt Hmon

IWD ကို မီးမောင်းထိုးပြနိုင်ရန်အတွက် ရခိုင်ပြည်နယ်လွှတ်တော်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ အခမ်းအနားသို့ တက်ရောက်သူ ပေါင်း ၁၀၀ ကျော်ရှိခဲ့ပြီး ရာထူးကြီးအစိုးရဝန်ထမ်းများ၊ ရပ်ရွာအခြေပြု အမျိုးသမီးအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူ တစ်ဦးချင်းအနေအထားဖြင့် တက်ရောက်သူများလည်း ရှိခဲ့သည်။ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုခေါင်းစဉ်အောက်တွင် အမျိုးသမီးအခွင့်အရေးများ၊ နိုင်ငံရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် အမျိုးသမီးများ ဆက်လက်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအား ဤအခမ်းအနားတွင် အပြန်အလှန် ဆွေးနွေးဖလှယ်နိုင်ခဲ့သည်။

အင်တာဗျူး ဖြေကြားခဲ့သည့် နိုင်ငံရေးပါတီများကလည်း မကြာသေးမီက ပါတီတွင်း အစည်းအဝေးများတွင် Mentee များသည် - လူနည်းစုနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း၏ အရေးပါမှုကို အဓိကထား ပြောကြားခြင်း၊ လက်တွဲလမ်းပြခြင်း ပရိုဂရမ်မှ ရရှိသော နည်းဗျူဟာများကို မျှဝေခြင်း၊ IWD အခမ်းအနားကဲ့သို့ အခမ်းအနားများ ကျင်းပဆောင်ရွက်ကာ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှု၏ အရေးပါမှုကို မီးမောင်းထိုးပြခြင်းတို့ဖြင့် ကျား/မ တန်းတူရေးကို ပိုမိုဆောင်ရွက်လာကြကြောင်း သတိပြုမိခဲ့သည်။ ဤသို့ ကျား/မတန်းတူရေးကို အလေးအနက်ထား ဆောင်ရွက်လာခြင်းသည် ပရိုဂရမ်၏ အရေးကြီးသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ပါ သည်။ ထို့အပြင် ဤရှေ့ပြေး စမ်းသပ်ပရိုဂရမ်တွင် ပါဝင်ပြီးနောက် အမျိုးသမီးများနှင့် ကလေးသူငယ်ရေးရာအတွက် Mentee များ၏ advocacy ဆောင်ရွက်မှု ပိုမိုမြင့်တက်လာသည်ဟုလည်း အဆိုပါ နိုင်ငံရေးပါတီများက ဆိုကြသည်။ ပါတီ၏ Mentee များသည် မဲဆန္ဒရှင်များ၏ ကိစ္စရပ်များနှင့်ပတ်သက်၍ ပိုမိုကိုယ်စားပြုပြောဆိုလာကြသည့်အတွက် ၎င်းသည်ကောင်းသော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်သည်ဟုလည်း ပါတီများက ယူဆကြသည်။

သက်ငယ်မှုဒိမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် အဆိုတင်သွင်းမှု ၂ ခုရှိခဲ့သည်။ ၂၀၁၇ ခုနှစ်၊ Mentor များ၏ ခရီးစဉ်ပြီး ဆုံးသည့် အချိန်တွင် Mentee တစ်ဦးက ရာဇသတ်ကြီးဥပဒေ၏ ပုဒ်မ ၃၇၆ ကို ပြင်ဆင်ရန်အဆိုတင်ခဲ့ပြီး နောက်ထပ် Mentee တစ်ဦးက ထောက်ခံဆွေးနွေးခဲ့သည်။ အဆိုတွင် အသက် (၁၆) နှစ် အောက် ကလေးငယ်များအပေါ် သက်ငယ် မုဒိမ်းကျူးလွန်သူများအား ပိုမိုပြင်းထန်သော အပြစ်ဒဏ် ချမှတ်ပေးရန်ဆိုသည့် အချက်လည်း ပါဝင်သည်။ ထိုအဆိုကို လွှတ်တော်ဥက္ကဋ္ဌက ပယ်ချခဲ့သည်။ အကြောင်းမှာ ရာဇသတ် ကြီးဥပဒေပုဒ်မ ၃၇၆ ကို ဗြိတိသျှကိုလိုနီခေတ်က အင်္ဂလိပ်လို ရေးသားထားပြီး အဆိုကိုမူ မြန်မာလိုဖြင့် တင်သွင်းသည့်အတွက် လွှတ်တော်လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီ၍ဖြစ်သည်ဟု ဆိုသည်။ ၂၀၁၈၊ ဇွန်လ ၁၉ ရက်တွင် ထို Mentee ကပင် ပြည်သူ့လွှတ်တော်၌ နောက်ထပ်အဆိုတစ်ခု ထပ်မံတင်သွင်းခဲ့သည်။ အဆိုတွင် မြန်မာနိုင်ငံ၌ သက်ငယ်မုဒိမ်းဖြစ်ပွားနှုန်းမြင့်တက်လာမှုကို ထောက်ပြနိုင်ခဲ့သည်။ ထိုများပြားလာသော သက်ငယ်မုဒိမ်းပြဿနာကို ဖြေရှင်းရန်အတွက် သက်ငယ်မုဒိမ်းကာကွယ်တားဆီးရေး ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် သူမ အဆိုတင်သွင်းခဲ့သည်။ ထိုအဆိုအတွက် လုံလောက်သော မဲအရေအတွက် မရရှိခဲ့သဖြင့် မအောင်မြင်ခဲ့ချေ။ Advocacy ဆိုင်ရာ ကြိုးပမ်းမှုများ မြင့်တက်လာခဲ့သော်လည်း အမျိုးသမီးတို့၏ အားထုတ်မှုများသည် ဥပဒေပြုရေးတွင် အပြောင်းအလဲသို့ ဦးတည်မလာသေးပါ။ Advocacy အားထုတ်မှုများ မြင့်တက်လာခြင်းသည် ကောင်းသော ရလဒ်ဖြစ်သော်လည်း ပါတီများကြား ပူးပေါင်းဆောင်

ရွှက်သည့် ယဉ်ကျေးမှု အားနည်းနေသေးခြင်းနှင့် ရှုပ်ထွေးနက်နဲသော လွှတ်တော်နည်းစနစ်များကြောင့် လွှတ်တော်တွင် မိမိတို့ တင်သွင်းသော ဥပဒေရေးရာအဆိုများအတွက် နိုင်ငံရေးအကူအညီပိုမိုရရှိရန် ပထမဆုံးအကြိမ်အဖြစ် ကြိုးပမ်းနေသည့် MP (Mentee) များအတွက် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ လက်ရှိတွင် လူနည်းစုကိုယ်စားပြု MP သည် ဥပဒေအဆိုတစ်ခု အောင်မြင်ရန်အတွက် အစိုးရထံမှ အကူအညီရယူရန် လိုအပ်သည်။ မိမိအဆိုအောင်မြင်ရန် ခက်ခဲမှုန်းကြိုတင် သိနှင့်ပြီးဖြစ်သော်လည်း အဆိုတင်သွင်းကာ လွှတ်တော်မှတ်တမ်းတွင် ထိုအဆိုကို မှတ်တမ်းတင်ခြင်းသည် နိုင်ငံရေးအရ အဓိပ္ပာယ်ရှိပေသည်။ ဥပဒေရေးရာပြောင်းလဲမှုများ ဖော်ဆောင်ရန်အတွက် ပါတီများကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကို သိရှိနားလည်လာစေမည့် အကူအညီများပိုမိုရရှိပါက သာ၍ကောင်းမွန်လိမ့်မည်ဟု Mentee များက ဆိုကြသည်။



မမျှော်လင့်ထားသည့် ရလဒ်ကောင်းများ

အနာဂတ်အတွက် Mentor ဖြစ်လာနိုင်သူများ

"ကျမတို့ အောင်မြင်မှုတွေ၊ တိုးတက်မှုတွေရရှိနေပါပြီ" [Mentee များနှင့်ဦးတည်အုပ်စုဆွေးနွေးပွဲ]

ပရိုဂရမ်အစပြုသည့် အချိန်မှစ၍ နိုင်ငံရေးတွင် စိတ်ပါဝင်စားသူ အမျိုးသမီးများအား လက်တွဲလမ်းပြပေးနိုင်သည့် ယုံကြည်မှု Mentee များ တွင် ပိုမိုရရှိလာခဲ့သည်။ ဤအချက်သည် အရေးကြီးသည့် အောင်မြင်မှု တစ်ခုဖြစ်သည်။ ပရိုဂရမ်အစတွင် "Mentoring" ဆိုသည့် စကားလုံးကို မြန်မာလို သင့်တင့်လျောက်ပတ်သည့် အသုံးအနှုန်းကို ပင်ရှာမတွေ့ခဲ့ချေ။ ပရိုဂရမ်ပြီးဆုံးသွားချိန်တွင် Mentee များသည် လက်တွဲလမ်းပြခြင်း အယူအဆများကို နားလည်ရုံမျှမက နိုင်ငံရေးတွင် စိတ်ပါဝင်စားသည့် အခြားအမျိုးသမီးများနှင့် ဤမိုဒယ်ကို လက်တွဲအသုံးပြုရန် အဆင်သင့် ဖြစ်နေကြပြီဖြစ်သည်။ ကနဦးနှင့် ပြီးဆုံးချိန်တွင် ပြုလုပ်ခဲ့သည့် စစ်တမ်းအရ အခြားသူများကို လက်တွဲလမ်းပြနိုင်စွမ်း ရှိလာခြင်းသည် စွမ်းဆောင်ရည် တိုးတက်လာခြင်း၏ အကြီးမားဆုံး နယ်ပယ်တစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံရှိ လူမှု-ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများအရ နိုင်ငံရေးတွင် အမျိုးသမီးများအတွက် နေရာမရှိဟု လူအများစုက ယူဆကြသော်လည်း ထိုအယူအဆသည် မှားယွင်းကြောင်း အမျိုးသမီး MP များ အနေဖြင့် သက်သေပြနိုင်ခဲ့သည်။ အမျိုးသမီးများအား နိုင်ငံရေးတွင် ဝင်ရောက်ဆောင်ရွက်ရန် အခွင့်အရေးပေးပါက အမျိုးသမီးများ လုပ်ဆောင်နိုင်စွမ်းကို Mentee တို့၏ ကိုယ်ပိုင်အတွေ့အကြုံများက သက်သေပြနေပြီဖြစ်သည်ဟု Mentee များက ဖော်ပြကြသည်။ အခြားအမျိုးသမီးများအတွက် ၎င်းတို့ကိုယ်ကို ဥပမာကောင်းများအဖြစ် ယူဆကြပြီး လေးစားအားကျဖွယ် ခေါင်းဆောင်များ ထွက်ပေါ်လာအောင် ကူညီထောက်ပံ့နိုင်သူများ ဖြစ်လိုကြသည်။

ပို၍ လူသိများ ထင်သာမြင်သာရှိလာခြင်း

လက်တွဲလမ်းပြခြင်း အစီအစဉ်တွင် ပါဝင်ခဲ့ချိန်မှစ၍ ပါတီနှင့် မဲဆန္ဒနယ်တွင် ပို၍လူသိများ ထင်သာမြင်သာရှိလာသည်ဟု Mentee များနှင့် နိုင်ငံရေးပါတီများက သတိပြုမိခဲ့သည်။ သတင်းမီဒီယာများတွင် ဖော်ပြချက်များသည်လည်း နိုင်ငံရေးပါတီထက် စာလျှင် MP တစ်ဦးချင်းအပေါ် ပို၍အလေးထားဖော်ပြမှုများကြောင်း တွေ့ရှိရသည် (Kruikemeier, Gattermann and Vliegenthart ၊ ၂၀၁၈)။ မီဒီယာချန်နယ်များ (ဆိုရှယ်မီဒီယာနှင့် အခြားမီဒီယာများ) တွင် ပို၍လူသိများ ထင်သာမြင်သာရှိလာမှုကြောင့် ကိုယ်စားလှယ်တစ်ဦးချင်းအပေါ် မဲဆန္ဒရှင်ပြည်သူတို့ အသိအမှတ်ပြုမှု မြင့်တက်လာပြီး ထိုသို့ ထိတွေ့မှုများကလည်း ရွေးကောက်ပွဲဆိုင်ရာ ရလဒ်ကောင်းများသို့ ဦးတည်နေပေသည်။ (ibid)

လက်တွဲလမ်းပြခြင်း အစီအစဉ်၏ သက်ရောက်မှုကို တိုင်းတာဆုံးဖြတ်ရန် စောလွန်းနေသေးသော်လည်း Mentee များကို ပိုမိုလူသိများ သိသာမြင်သာရှိလာစေခဲ့သည်။ Mentee (၆) ဦးကို လက်တွဲလမ်းပြခြင်း အစီအစဉ်နှင့်ပတ်သက်၍ သတင်းမီဒီယာများက အင်တာဗျူး ပြုလုပ်ခဲ့သည်။ မြန်မာရေဒီယိုနှင့် မြန်မာ့ရုပ်မြင်သံကြားတို့က ၎င်းတို့အား ဩစတြေးလျလေ့လာရေးခရီးစဉ်နှင့် အတွေ့အကြုံများအကြောင်း အင်တာဗျူးပြုလုပ်ခဲ့သည်။ ထို့အပြင် IWDA နှင့် အခရာအဖွဲ့တို့ကလည်း ပရိုဂရမ်ဆိုင်ရာ အဓိကသတင်းအချက်အလက်များကို ၎င်းတို့၏ Website များနှင့် ဆိုရှယ်မီဒီယာတွင် ရေးသားမျှဝေမှု ပြုလုပ်ခဲ့ပြီး ဤအချက်ကလည်း Mentee များကို ပိုလူသိများလာစေခဲ့သည်။ သက်ဆိုင်ပါဝင်သူတစ်ဦး၏ ပြောကြား

ချက်အရ ထိုသို့ပိုမို လူသိများ ထင်သာမြင်သာရှိလာမှုကြောင့် NLD မှ Mentee (၃) ဦးကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ပါတီကိုယ်စားပြုတက်ရောက်ရန် ရွေးချယ်ခြင်းခံခဲ့ရသည်။ မဲဆန္ဒနယ်တစ်ခုတွင် လက်တွဲလမ်းပြခြင်း ပရိုဂရမ်၏ အကူအညီဖြင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (IWD) အခမ်းအနားကို ကျင်းပနိုင်ခဲ့သည့်အတွက် ထိုဒေသကိုယ်စားပြု MP ကို ပိုမိုလူသိများ ထင်သာမြင်သာရှိလာခဲ့သည်။ ထိုသို့ ပိုမိုလူသိများလာသည့်အတွက် သူမ၏ ပါတီကပင် သူမအား IWD ကျင်းပခြင်းမဟုတ်ဘဲ နောက်ထပ် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးနေသည်လားဟုပင် မေးခွန်းများထုတ်လာခဲ့ရသည်။

IWD အခမ်းအနားသည့် သူမတို့အတွက် ပုံရိပ်တည်ဆောက်ရန် အလွန်အရေးပါသည် အခမ်းအနားတစ်ခုဖြစ်ကြောင်း Mentee များက ပြောကြားခဲ့သည်။ Mentee တစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့သည် -

"ကျမမဲဆန္ဒနယ်ထဲက အချို့မဲဆန္ဒရှင်တွေဆိုရင် ကျမ လွှတ်တော်မှာ ဘာတွေ လုပ်နေလဲမသိကြပါဘူး။ ကျမ အဲဒီမှာ ခေါင်းညိမ့်ထောက်ခံ တာပဲလုပ်နေတယ်လို့ ထင်ကြသူတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ ကျမမဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ပြည်ထောင်စု လွှတ်တော်မှာ ယူထားရတဲ့ တာဝန်တွေ အကြောင်းသူတို့ကို ပြောပြနိုင်ပြီးတဲ့ နောက်မှာတော့ ကျမရပ်ရွာအတွက် ရလဒ်ကောင်းတွေရလာအောင် ကျမလုပ်ပေးနိုင် လိမ့်မယ်၊ ဒီ့ထက်ပိုပြီးတော့ နိုင်ငံတော်အတွက်လည်း ကျမလုပ်ပေးနိုင်လိမ့်မယ် ဆိုတာမျိုး သူတို့ နားလည်သဘောပေါက်လာကြပါတယ်"။ (Mentee နှင့် KII အင်တာဗျူး)

လက်ကမ်းစာစောင်များက သူမနှင့် မဲဆန္ဒရှင်များအား ပိုမိုရင်းနှီးမှုရရှိစေခဲ့ကြောင်း ကောင်းမွန်သည့် အကျိုးကျေးဇူးတစ်ရပ်အနေဖြင့် MP တစ်ဦးကဆိုသည်။ IWD အခမ်းအနားတွင် သူမအကြောင်း လက်ကမ်းစာစောင်များ ဖြန့်ဝေနိုင်ခဲ့ပြီးနောက် အချို့မဲဆန္ဒရှင်များက သူမကိုစတင်၍ ဖုန်းခေါ်ဆိုမှုများ ပြုလုပ်လာခဲ့သည်။ အချို့က သူမ၏ MP အဖြစ် ဆောင်ရွက်ချက်များကို သိလိုလို့ဖြစ်ပြီး အချို့က ၎င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြလိုလို့ဖြစ်သည်။

အခြား MP တစ်ဦးကမူ သြစတြေးလျလေ့လာရေးခရီးစဉ် အကြောင်း၊ မဲဆန္ဒရှင်များကိုကိုယ်စားပြုသူ MP အနေဖြင့်သည် သူမသည် သြစတြေးလျနိုင်ငံနှင့် ကွန်ရက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ သြစတြေးလျ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ကြောင်း၊ အများရှေ့တွင် မိန့်ခွန်းပြောကြားနိုင်ခဲ့ကြောင်းကို မဲဆန္ဒရှင်များ ထံသို့ ပါဝါပွင့်ဖြင့် တင်ပြနိုင်ခဲ့သည်။ သူမ၏ MP တစ်ဦးအနေဖြင့် နိုင်ငံခြားနှင့် ဆက်ဆံရေး တည်ဆောက်နိုင်စွမ်းကို မဲဆန္ဒရှင်ပြည်သူများက အကောင်းမြင် အသိအမှတ်ပြုကြပြီး သူမ၏ ပုံရိပ်မြင့်တက်စေခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ပါတီများကလည်း တံခါးပိတ်ဝါဒဖြင့် နှစ် ၅၀ ကျော်နေခဲ့ရသည့် အနေအထားမှ ယခုကဲ့သို့ ဒီမိုကရေစီကူးပြောင်းသည့် အချိန်တွင် နိုင်ငံခြားနှင့် ဆက်ဆံရေး တည်ဆောက်နိုင်ခြင်းသည် အလွန်အရေးပါသော အချက်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ကြသည်။

သြစတြေးလျနှင့် မြန်မာနိုင်ငံအကြား ချိန်ဆက်မှု ပိုမိုအားကောင်းလာခြင်း

ရှေ့ပြေးစမ်းသပ်အစီအစဉ်သည် မြန်မာနှင့် သြစတြေးလျ ၂ နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းအသစ်များ ပေးအပ်နိုင်ခဲ့ပြီး မြန်မာအမျိုးသမီး MP များ ကြုံတွေ့နေရသည့် အခက်အခဲများ၊ IWDA နှင့် အခရာအဖွဲ့တို့ လုပ်ဆောင်ချက်များအကြောင်းကို သြစတြေးလျ MP များ ပိုမိုသိရှိလာစေခဲ့သည်။ အထက်လွှတ်တော်နှင့် ဗစ်တိုးရီးယားလွှတ်တော်တွင် Mentor များက ဤပရိုဂရမ်နှင့် ပတ်သက်သည့် ၎င်းတို့ အတွေ့အကြုံများအကြောင်း မိန့်ခွန်းများ

ဓါတ်ပုံ - သြစတြေးလျ နိုင်ငံခြားရေးဝန်ကြီး Julie Bishop နှင့်တွေ့ဆုံခြင်း။
ဓါတ်ပုံရိုက်ကူးသူ - Jennifer Nagy

ပြောကြားခဲ့ကြသည်။ ဥပမာ - Gilmore ဒေသ၏ MP ဖြစ်သူ Ann Sudmalis က မြန်မာနှင့် သြစတြေးလျတို့၏ ဆက်ဆံရေးဆိုင်ရာ ဆွေးနွေးမှုများသို့ သူမ၏ Mentor အဖြစ်အတွေ့အကြုံကို စိတ်အား ထက်သန်စွာရှင်းပြနိုင်ခဲ့သည်။ "ဒီအမျိုးသမီးငယ်လေး (ဒေါ်ခရစ်စ်ထွန်း၊ MP) ရဲ့ဆောင်ရွက်ချက်တွေအတွက် ကျမဂုဏ်ယူတယ်၊ အချို့သော တစ်နိုင်ငံလုံးအဆင့် အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် ဒီပရိုဂရမ်မှာ ပါဝင်သူအမျိုးသမီးတွေလို စိတ်အားထက်သန်မှုရှိတဲ့ အမျိုးသမီးတွေနဲ့အတူ သူမရဲ့ကြိုးပမ်း အားထုတ်မှုတွေကို ကျမဂုဏ်ယူတယ်။ အပြုသဘောဆောင် ကြိုးပမ်းနေကြတာ တွေ့ရပါတယ်" (HR Deb March ၂၀၁၇)။ ထို့အပြင် Mentor တစ်ဦးဖြစ်သည့် Lisa Chesters ကလည်း နိုင်ငံသားဖြစ်မှုအကြောင်း သြစတြေးလျလွှတ်တော်တွင်း ဆွေးနွေးမှု၌ ကရင်ဒုက္ခသည်များ၏ လိုအပ်ချက်အကြောင်းကို ဆွေးနွေးခဲ့ပြီး သူမတင်ပြနေသည့် ဗီဒီယိုကို Facebook တွင်လူပေါင်း ၉၅၀၀ က ကြည့်ရှုခဲ့ကြသည် (၁၄၊ သြဂုတ်၊ ၂၀၁၇)။ သြစတြေးလျ နိုင်ငံခြားရေးရာနှင့် ကုန်သွယ်ရေးဌာနကလည်း Mentee များနှင့် သြစတြေးလျသံတမန်များအကြား တွေ့ဆုံဆွေးနွေးမှု အချို့ကို ကူညီပေးခဲ့သည်။ အဆိုပါဝန်ကြီးဌာနသည် MP များအတွက် IWD အခမ်းအနားများ ကျင်းပနိုင်ရန် ရန်ပုံငွေထောက်ပံ့ပေးခဲ့ပြီး ရှေ့ပြေးစမ်းသပ်အစီအစဉ်၏ အတွေ့အကြုံအပေါ်မူတည်၍ အနာဂတ် လက်တွဲလမ်းပြခြင်း အစီအစဉ်ကို ရန်ပုံငွေ တစ်စိတ်တစ်ပိုင်း ထောက်ပံ့ပေးမည်ဖြစ်သည်။

ပမျှော်လင့်ထားသည့် အနှုတ်သဘောဆောင် ရလဒ်များ

MP များအားလုံးနှင့် အကျိုးကျေးဇူးမျှဝေခြင်း

လက်တွဲလမ်းပြခြင်း အစီအစဉ်သည် လူသိများထင်ရှားလာပြီး အခြား မြန်မာ MP များသည်လည်း ဒုတိယအကြိမ်ပြုလုပ်မည့် အစီအစဉ်အပေါ် စိတ်ဝင်စားမှု မြင့်တက်လာသည်ဟု သိရှိရသည်။ လျှောက်ထားမှု စုစုပေါင်း ၂၆ ခုရရှိခဲ့ခြင်းက သက်သေပင်ဖြစ်ပါသည်။ သို့ပါသော်လည်း ပရိုဂရမ်အနေဖြင့် လျှောက်ထားသူများ အားလုံးကို လက်ခံရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် ရွေးချယ်ခံရသူ Mentee များနှင့် ရွေးချယ်ခြင်း မခံရသူများအကြား တင်းမာမှု အနည်းငယ်ဖြစ်ပေါ်စေနိုင်သည်ဟု လေ့လာသုံးသပ်မှုအရ တွေ့ရှိရသည်။ အနာဂတ်အစီအစဉ်များတွင် ထိုသို့သော တင်းမာနိုင်ခြေများကို ကြိုတင်စဉ်းစားပြီး စီမံခန့်ခွဲမှုပြုနိုင်ရန် အရေးကြီးပေသည်။ ရွေးချယ်မခံရသူများ တက်ရောက်နိုင်သည့် အသိပညာ ဖြန့်ဝေခြင်း အစီအစဉ်များ (Outreach opportunities) သို့မဟုတ် Mentee များက အခြားသူများအတွက် ၎င်းတို့ အတွေ့အကြုံများ မျှဝေကာ လေ့လာသင်ယူမှု အစီအစဉ်များ ပြုလုပ်ပေးခြင်းဖြင့် ထိုတင်းမာမှုများကို ဖြေရှင်းရန်ဖြစ်နိုင်ပါသည်။ အခြားသော အမျိုးသမီး MP များ အတွက်သာ ဤတင်းမာမှုဖြစ်စေနိုင်သည်ဟု မဆိုလိုပါ။ Mentee တစ်ဦးက KII အင်တာဗျူးပြုလုပ် နေစဉ်အတွင်းပြောပြသည်မှာ အချို့သော အမျိုးသား MP များကလည်း ၎င်းတို့သည်လည်း အမျိုးသမီးများဖြစ်လိုကြောင်း၊ သို့မှသာ အမျိုးသမီးအဖွဲ့အစည်းများထံမှ အကူအညီ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ အပြည်ပြည်ဆိုင်ရာ သွေးစည်းညီညွတ်မှု တည်ဆောက်ခြင်းမှတစ်ဆင့် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ဟာသတစ်ဝက်၊ အတည်တစ်ဝက် နှောရ၍ ပြောကြသည်ဟု သိရှိရသည်။

လက်တွဲလမ်းပြခြင်း အစီအစဉ်သည် ပါတီအနေအထားဖြင့် လူသိများမှုထက် အမျိုးသမီး MP တစ်ဦးချင်းအနေအထားဖြင့် လူသိများမှုကို ပိုမိုဖြစ်ပေါ်စေခဲ့သည်ဟု နိုင်ငံရေးပါတီတစ်ခုနှင့် တွေ့ဆုံမေးမြန်းရာမှ သိရှိရသည်။ အမျိုးသမီးများအား ၎င်းတို့ မိခင်ပါတီအတွင်း၌ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာအောင် ပရိုဂရမ်က အကူအညီပေးရန် အရေးကြီးလှပေသည်။ ထို့ကြောင့် တစ်ဦးချင်း အနေအထားဖြင့် လူသိများ ထင်သာမြင်သာရှိလာမှုနှင့် ပါတီအနေအထားဖြင့် ထင်သာမြင်သာရှိမှုတို့အကြား ဟန်ချက်ညီအောင် ဂရုပြုစဉ်းစားရန် လိုအပ်သည်။

ဓါတ်ပုံ - Ann Sudmalis (MP) နှင့် ဒေါ်ခရစ်စ်ထွန်း (MP)။
ဓါတ်ပုံ - Jen Clark

သင်ခန်းစာများ

အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အကူအညီ ထက်စာလျှင် လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီများ ပိုမိုပြုလုပ်နိုင်ခဲ့ခြင်း

ယဉ်ကျေးမှုနှင့် ဘာသာစကားများစွာ ကွဲပြားခြားနားမှုနှင့် အချိန်အကန့်အသတ်ကြောင့် လက်တွဲလမ်းပြမှုဆိုင်ရာ ဆက်ဆံရေး (mentoring relationships) ပိုမို နက်ရှိုင်းစွာ ချိတ်ဆက်နိုင်ရန် အခက်အခဲတို့ ရှိခဲ့သဖြင့် အဆိုပါလက်တွဲလမ်းပြမှု မိုဒယ်မျိုးတွင် မည်သည့် အကူအညီများကို မျှော်လင့်နိုင်လိမ့်မည်ဟု ရှေ့ပြေးစမ်းသပ်အစီအစဉ်အရ သိရှိနိုင်သည်။ အများဆုံး ပြုလုပ်နိုင်ခဲ့သည့် လက်တွဲလမ်းပြမှုဆိုင်ရာ အကူအညီ (mentoring support) သည် လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီ/အထောက်အပံ့ (psychosocial) ဖြစ်ကြောင်း လေ့လာသုံးသပ်မှုအရ တွေ့ရှိရသည်။ အကြီးမားဆုံး အကူအညီမှာ အမျိုးသမီးများ အချင်းချင်း သွေးစည်းညီညွတ်မှု (solidarity) ဖြစ်သည်။ အမျိုးသမီးများ အချင်းချင်း အကူအညီ ပေးနိုင်မှုကို အလွန်အရေးကြီးသည်ဟု ရှုမြင်ကြပြီး မြန်မာ MP များ အတွက်လည်း နိုင်ငံရေးအတွေ့အကြုံများ ရှိသည့်ပြင်ပမှ မိတ်ဆွေများရရှိခြင်းလည်း ဖြစ်ပါသည်။ Mentor တစ်ဦးက ဤသို့ဆိုသည် - " နိုင်ငံရေးဆိုတာခက်ခဲတဲ့ ကစားပွဲတစ်ခုပဲ၊ ဒါကြောင့်မို့ သင့်ဘေးမှာ တစ်စုံတစ်ဦးရှိနေဖို့ အရေးကြီးပါတယ်" (Mentor နှင့် KII အင်တာဗျူး)

MENTOR များသည်လည်း နိုင်ငံရေးသမားများဖြစ်နေခြင်းမှာ အလွန်အရေးကြီးသည့် အချက်ဖြစ်သည်။

စိတ်နှင့် လူမှုဆိုင်ရာအကူအညီအတွက် စံပြပုဂ္ဂိုလ်များနှင့် လက်တွဲလုပ်ကိုင်နိုင်ခြင်းမှာ အရေးကြီးလှသည်။ Mentors၊ Mentee များနှင့် သက်ဆိုင်ပါဝင်သူများက ကင်ဘာရာသို့ လေ့လာရေးခရီးသည် မရှိမဖြစ် လိုအပ်သည်ဟု သိရှိရသည်။ အဆိုပါခရီးစဉ်ကြောင့် မြန်မာ MP များအနေဖြင့်၎င်းတို့ Mentor များမည်သူဖြစ်သည်၊ Mentor များ၏ အတွေ့အကြုံနှင့် လုပ်ပိုင်ခွင့်များ မည်သို့ရှိသည်ဟု တိတိကျကျသိရှိလာကြပြီး Mentor များ၏ လမ်းညွှန်အကြံပြုချက်များကို ပိုမိုလေးစားစွာ လိုက်နာဆောင်ရွက်လာကြသည်။ Mentor များအား စံပြပုဂ္ဂိုလ်များအဖြစ် လေးစားရခြင်းမှာ ၎င်းတို့သည်လည်း နိုင်ငံရေးသမားများ ကြုံရသည့် ဖိအားအချို့အကြောင်းကို နားလည်ပေးနိုင်၍ ဖြစ်သည်ဟု Mentee များကဆိုကြသည်။ "သူမကြုံတွေ့နေရတဲ့ စိုးရိမ်မှုတွေ၊ စိတ်ညစ်စရာတွေကို ကျမ ကောင်းကောင်းနားလည်ပါတယ်။ နိုင်ငံရေးအသိုင်းအဝိုင်းက မဟုတ်တဲ့သူဆိုရင်တော့ ဒါကို နားလည်နိုင်ပါ့မလား ကျမ မသိပါဘူး" (Mentor နှင့် KII အင်တာဗျူး)။ အရေးကြီးသည့် အချက်မှာ ကွာခြားလှသည့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများကြောင့် Mentor များအား စံပြပုဂ္ဂိုလ်အဖြစ် လက်ခံစဉ်းစားနိုင်မှသာလျှင် စိတ်နှင့် လူမှုဆိုင်ရာ အကူအညီများ ပြုလုပ်နိုင်မည် ဖြစ်သည်။ ပရိုဂရမ်ကို ပြည်တွင်းအစီအစဉ်အဖြစ်ကူးပြောင်းမည် ဆိုပါက Mentor များတွင် Mentee များ လေ့လာဆည်းပူးနိုင်မည့် အတွေ့အကြုံများရှိရန် အရေးကြီးလှပေသည်။

ဆက်ဆံရေးဆိုင်ရာ ပန်းတိုင်များအား ကာလအပိုင်းအခြားအလိုက်ပြန်လည်သုံးသပ်သင့်သည်။

လက်တွဲလမ်းပြခြင်းအတွက် တွဲဖက်ပေးခဲ့သော Mentor-Mentee မည်သည့်အတွဲကမျှ တွဲဖက်ခြင်း အစည်းအဝေးတွင် ၎င်းတို့ကနဦးချမှတ်ခဲ့သော ပန်းတိုင်များနှင့် ချိတ်ဆက်မှုမရှိတော့ကြောင်း တွေ့ရသည်။ မည်သည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ထောက်ပံ့မှုအပေါ်တွင် အလေးထားဆောင်ရွက်မည်ဟူ၍ ပန်းတိုင်များကို ကနဦးချမှတ်ခဲ့ကြသည်။ ဥပမာအားဖြင့် - MP များ၏ မဲဆန္ဒနယ်များတွင် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေး၊ ပညာရေး အခွင့်အလမ်းများ တိုးမြင့်လာရေး စသည်တို့ဖြစ်သည်။ ဘာသာစကားနှင့် အကြောင်းအရာ နားမလည်နိုင်ခြင်း အခက်အခဲများကြောင့် Mentor များသည် အသေးစိတ်လမ်းညွှန်မှုများ ပြုလုပ်ရန် အလွန်ခက်ခဲခဲ့ပြီး အချိန်အတော်များများကို အချက်အလက်များ ရှာဖွေခြင်းနှင့် Mentee များထံသို့ သတ်မှတ်ဖွယ် မှတ်တမ်းမှတ်ရာများ ပေးပို့ခြင်းတို့ဖြင့် ကုန်ဆုံးခဲ့ရသည်။ ပေးပို့သော သိမှတ်ဖွယ်များသည်လည်း Mentee များအတွက် မြန်မာ့အခြေအနေနှင့် အညီ လက်တွေ့အသုံးချရန် ခက်ခဲခဲ့သည်။ အချို့သော Mentor နှင့် Mentee များက ကနဦးပန်းတိုင်များမှ ဝေးကွာသွားနိုင်သည်ဟု မျှော်လင့်ပြီးဖြစ်သော်လည်း အချို့ကမူ ကနဦးပန်းတိုင်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများ မရှိခဲ့ခြင်းကို ကျရှုံးမှုဟု ခံစားကြရသည်။ ဥပမာအားဖြင့် EMILY's List ဆိုသည်မှာ စောလျင်စွာနိုင်ငံရေး ရန်ပုံငွေမြှင့်တင်နိုင်ခြင်းအားဖြင့် နောက်ထပ်ရန်ပုံငွေ မြှင့်တင်မှုများကို အောင်မြင်စွာ လုပ်ဆောင်နိုင်လိမ့်မည်ဟု ဆိုလိုကြောင်း မှတ်သားခဲ့ရသည်ဟု Mentee တစ်ဦးကဆိုသည်။ သူမအနေဖြင့် အရင်းအမြစ်များကို အကျိုးရှိစွာမည်သို့ ကောက်ခံသုံးစွဲနိုင်မည်နည်း (resource mobilization) ဟူ၍ အသေးစိတ် လေ့လာနိုင်မည်ဟု မျှော်လင့်ခဲ့သည်။ သူမ၏ Mentor နှင့်အတူ ကြိုးစားခဲ့သော်လည်း သူမအတွေ့အကြုံအရ ဤပန်းတိုင်ကို မရောက်ရှိနိုင်ခဲ့ဟု သိရှိရသည်။

ထို့ကြောင့် mentor-mentee အတွဲများအား ဤပရိုဂရမ်သို့စတင် မိတ်ဆက်စဉ်ကပင် သွေးစည်းညီညွတ်မှုနှင့် အမျိုးသမီးအချင်းချင်း အကူအညီပေးမှုဆိုင်ရာ အယူအဆများသည် ဤလက်တွဲလမ်းပြမှု အစီအစဉ်၏ အဓိက အကြောင်းအရာများဖြစ်ကြောင်း စတင် မိတ်ဆက်ရန်နှင့် ထိုအကူအညီပေးမှုနှင့် ပိုမိုသက်ဆိုင်သော ပန်းတိုင်များချမှတ်နိုင်ရန် အကြံပြုအပ်ပါသည်။ ထို့အပြင် Mentor-Mentee အတွဲများကိုလည်း ပန်းတိုင်များအား ကာလအပိုင်းအခြား အလိုက် ပြန်လည်သုံးသပ်ကာ ပြုပြင်မွမ်းမံမှုများ လိုအပ်မည်လားဟု ဆန်းစစ်သင့်ပါသည်။

အဝကနဦးကပင် အကြောင်းအရာ ပိုမိုကျည်ကပ်ပါက လိုအပ်ချက်နှင့် ပိုမိုကိုင်တွယ်သော လက်တွဲလမ်းပြခြင်း အကူအညီပြစ်ဝေနိုင်သည်။

Mentor များအနေဖြင့် အကြောင်းအရာ ပိုမိုကျည်ကပ်မှုရှိစေရန် ၎င်းတို့အား မြန်မာ့လွှတ်တော်မည်သို့ လည်ပတ်အလုပ်လုပ်သည်ဟူသည့် သတင်းအချက်အလက် အကြောင်းအရာများအား ထဲထဲဝင်ဝင် ပြည့်ပြည့်စုံစုံ ပေးအပ်ခြင်းဖြင့် ကူညီနိုင်မည်ဖြစ်သည်။ အချို့ Mentor များသည် သတင်းအချက်အလက် ရှာဖွေခြင်းများအား ၎င်းတို့ကိုယ်တိုင် ပြုလုပ်ခဲ့ရပြီး မြန်မာ့လွှတ်တော်အကြောင်း အသေးစိတ် ရှင်းပြပေးမည် သို့မဟုတ် ထိုသတင်းအချက်အလက်များပေးနိုင်သည့် စာအုပ်စာပေများ ရှိမည်ဆိုပါက အလွန်ပင် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သက်ဆိုင်ပါဝင်သူအချို့ကလည်း "Mentee နှင့် တွဲဖက်ခြင်းဆိုင်ရာ မြန်မာနိုင်ငံသို့ Mentor များခရီး" မစမီကပင် သတင်းအချက်အလက် စုံလင်စွာဖြင့် ကြိုတင်ရှင်းပြမှုကို IWDA နှင့် အခရာအဖွဲ့တို့က စီစဉ်ပေးသင့်သည်ဟု ဆိုသည်။ အဆိုပါအစီအစဉ်တွင် ဗဟုသုတစုံလင်သူ နိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များထံမှ အယူအဆများ ပေးအပ်နိုင်သကဲ့သို့ မရှိမဖြစ်အရေးပါသော စာအုပ်စာပေ စာရင်းများကိုလည်း ပေးအပ်နိုင်မည်ဖြစ်သည်။ Mentor များသည် မြန်မာနိုင်ငံနှင့် မတူညီသည့် နိုင်ငံရေးနယ်ပယ်မှ လာသူဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံတွင် မည်သို့မည်ပုံ နိုင်ငံရေးဆောင်ရွက်ကြသနည်း သို့မဟုတ် အမျိုးသမီးများအနေဖြင့် မည်သည့်နယ်ပယ်တွင် Soft-skills အကူအညီများ လိုအပ်ပါသနည်းဟု ရှင်းလင်းစွာ မသိနိုင်ခဲ့ကြပါ။ Mentor တစ်ဦးကဤသို့ဆိုခဲ့သည် - "*Mentee တွေအတွက်ဘာတွေက သင့်လျော်မလဲကြိုသိခွင့်ရရင် ကျမတို့အတွက်အများကြီး အထောက်အကူပြုပါလိမ့်မယ်။ ဘာတွေကို သတိထားဆောင်ရွက်ရမလဲ၊ ဘာတွေကို အလေးထားဆောင်ရွက်ရမလဲသိနိုင်ပါလိမ့်မယ်*" (Mentor နှင့် KII အင်တာဗျူး)။ Mentor များအတွက် အကျဉ်းချုပ် စာရွက်စာတမ်းများ ပေးအပ်ခြင်းနှင့် ဆွေးနွေးရှင်းပြခြင်း အစီအစဉ်ပြုလုပ်ခဲ့သော်လည်း Mentor များက ထိုစာရွက်စာတမ်းများနှင့် အစီအစဉ်များတွင် လွှတ်တော်ဖွဲ့စည်းပုံ၊ လွှတ်တော်တွင် ဥပဒေတစ်ရပ်မည်သို့ အဆင့်ဆင့်ဖြစ်ပေါ်လာပုံ၊ လွှတ်တော်ရှိ ရေးရာကော်မတီများ၊ မဲဆန္ဒနယ်များအတွက် ငွေကြေးသုံးစွဲပုံ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များအကြား ချိတ်ဆက်ဆောင်ရွက်ပုံစသဖြင့် ပြည့်ပြည့်စုံစုံ ရှင်းပြလျှင် ပို၍ကောင်းမွန်မည်ဖြစ်ကြောင်း အကြံပြုခဲ့ကြသည်။ MIMU (မြန်မာ သတင်းအချက်အလက်စီမံခန့်ခွဲရေးအဖွဲ့) က မဲဆန္ဒနယ်များကို မြန်မာဘာသာဖြင့် ပြုစုထားပြီး ထိုမှတစ်ဆင့် အသုံးဝင်သော အချက်အလက်များနှင့် ကိန်းဂဏန်းများ ရရှိနိုင်သည်။ အောက်ပါပုံစံသည် မဲဆန္ဒနယ်ဆိုင်ရာ အချက်အလက်များကို တင်ပြပေးနိုင်သည့် ဖြစ်နိုင်ခြေရှိသော ပုံစံတစ်ခုဖြစ်သည်။

မဲဆန္ဒနယ်ပရိုဖိုင် – မန်တုန်၊ ရှမ်းပြည်နယ်



ကျေးလက်နှင့် မြို့ပြ



စာတတ်မြောက်မှုနှုန်း

မဲပေးခွင့်ရှိသူအရေအတွက်



ဆရာဝန်နှင့်လူနာအချိုး

1: 17,330 မန်တုန်

1: 1,639 မြန်မာ



တက္ကသိုလ်ဝင်တန်း
အောင်မြင်သူ

ရထား
ဘူတာမရှိ

ကား
မှတ်တိုင်မရှိ

လေယာဉ်ကွင်း
မရှိ

မိခင်သေဆုံးနှုန်း

160: 100,000 မန်တုန်

178:100,000 မြန်မာ

ပရိုဂရမ်၏ သက်ရောက်မှုကို ဖော်ပြနိုင်ရန် ပိုမိုနည်းစနစ်ကျသော စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု (M&E) လိုအပ်သည်။

ရှေ့ပြေးစမ်းသပ်မှု ပြုလုပ်ခဲ့စဉ်က ပုံစံတကျ M&E စနစ်တစ်ခုကို မတည်ဆောက်ခဲ့သည့်အတွက် အခြေခံအချက်အလက်များ (baseline data) များမရှိဘဲ ပရိုဂရမ်၏ ပန်းတိုင်ရောက်ရှိမှုနှင့် အကျိုးသက်ရောက်မှုတို့ကို တိုင်းတာရန်ခက်ခဲသည်။ သက်ဆိုင်ပါဝင်သူများကလည်း ၎င်းတို့ ရရှိသော အထောက်အထားများသည် နည်းစနစ်တကျမရှိဘဲ ကသောင်းကနင်းနိုင်လှသည်ဟုဆိုသည်။ အခရာနှင့် IWDA သည် M&E နည်းလမ်းများအပေါ် လုပ်ဆောင်နေပြီဖြစ်ပြီး ပရိုဂရမ်နောက်တစ်ဆင့်တွင် ပါဝင်မည့် Mentee များအတွက် တိုတောင်းသော ကိုယ်တိုင်လေ့လာဆန်းစစ်မှု နည်းလမ်းတစ်ခု (self-assessment tool) အဆင်သင့်ရှိနေပြီဖြစ်ပါသည်။ ဤနည်းဖြင့် စွမ်းဆောင်ရည်ဆိုင်ရာ အခြေခံ ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်လိမ့်မည်ဖြစ်ပါသည်။ ပရိုဂရမ်သည် စိတ်တူကိုယ်တူအမျိုးသမီးများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရည်အသွေးဆိုင်ရာ အမှန်အကန်ပြောင်းလဲမှုအပေါ် အလေးအနက်ထားသည့် အားလျော်စွာ ပရိုဂရမ်နှင့်သင့်လျော်ကိုက်ညီမှုရှိသည့် M&E နည်းလမ်းများကို ဒီဇိုင်းဆွဲအကောင်အထည်ဖော်ရန်လိုအပ်သည်။ အောက်ပါနည်းလမ်းများသည် အနာဂတ်တွင် ပြုလုပ်မည့် ပရိုဂရမ်အတွက် အသုံးဝင်နိုင်ပေသည်။

က။ အချိန်ကာလအလိုက်ဆောင်ရွက်ချက်ဖော်ပြခြင်း (Timeline) နှင့် Advocacy ဂျာနယ်များ

ပရိုဂရမ်ဂျာနယ်/မှတ်တမ်းဆိုသည်မှာ ပရိုဂရမ်သက်တမ်းအတွင်း ပရိုဂရမ်၏ လုပ်ဆောင်ချက်များ၊ အခမ်းအနားများ သို့မဟုတ် လုပ်ငန်းစဉ်များကို ရေးသားပြုစုထားသည့် မှတ်တမ်းပင်ဖြစ်ပါသည်။ Lobby နှင့် Advocacy ပရိုဂရမ်များတွင် ထိုသို့ ဂျာနယ်တစ်ခုထားရှိခြင်းသည် တိုးတက်မှုများနှင့် ရည်မှန်းချက် ပြည့်မှီအောင် ဆောင်ရွက်နေမှုများကို ပြန်လည်လေ့လာသုံးသပ်နိုင်သည့် နည်းလမ်းတစ်ရပ်ပင် ဖြစ်ပါသည်။ အချိန်ကာလကိုပါ ထည့်သွင်းဖော်ပြခြင်း (Timeline - အောက်တွင်ကြည့်ပါ) ဖြင့် ဥပမာ - မဲဆွယ်စည်းရုံးမှုများ အရှိန်အမြင့်ဆုံးရောက်ရှိမှု (Campaign peaks) နှင့် မူဝါဒဆိုင်ရာ အပြောင်းအလဲများကို ပြသနေမည်ဖြစ်ပြီး အကဲဖြတ် သုံးသပ်မှုပြုစဉ်အတွင်း ရလဒ်များအပေါ် လေ့လာဆန်းစစ်ရာတွင် ၎င်းတို့ကို အသုံးပြုနိုင်သည်။ အရေးကြီးအခြေအနေကို ဖော်ပြသည့် Timeline တစ်ခုရှိခြင်းဖြင့် ပရိုဂရမ်၏ ဆောင်ရွက်ချက်များနှင့် ၎င်းတို့ရလဒ်များ/အောင်မြင်မှုများအကြား မည်သို့ချိတ်ဆက်မှုရှိသည်ဟု လျှင်မြန်စွာ သိရှိနိုင်မည်ဖြစ်သည်။ Timeline တွင် ပရိုဂရမ်ဆောင်ရွက်ချက်များ သို့မဟုတ် နည်းဗျူဟာဆိုင်ရာ အရေးကြီးသည့် အခမ်းအနားများနှင့် ရလဒ်များကို ယှဉ်တွဲဖော်ပြလေ့ရှိသည်။ ထို့အပြင် ထိုရလဒ်များအပေါ် သက်ရောက်နိုင်သည့် အခြေအနေများ သို့မဟုတ် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကိုလည်း ဖော်ပြသည်။ ထိုရလဒ်ကို ပုံမှန်အားဖြင့် ပရိုဂရမ်ကို စီမံခန့်ခွဲသည့် အဖွဲ့အစည်းက သိမ်းထားမည်ဖြစ်ပြီး အချိန်နှင့် တပြေးညီ အချက်အလက်များ (updates) ကိုမူ MP များနှင့် တွေ့ဆုံဆွေးနွေးခြင်း သို့မဟုတ် သတင်းမီဒီယာတွင် လေ့လာစောင့်ကြည့်ခြင်းတို့မှ ရရှိနိုင်မည်ဖြစ်သည်။

ဂျာနယ်တစ်ခုသည် စာရွက်အသုံးပြု သမားရိုးကျဂျာနယ် သို့မဟုတ် အီလက်ထရောနစ်ဂျာနယ်လည်းဖြစ်နိုင်သည် - မည်သည့်စနစ်ကိုသာ သုံးရမည်ဟု စံသတ်မှတ်ချက်များမရှိပါ။ သို့သော် အနည်းဆုံးအနေဖြင့် အောက်ပါအချက်များပါဝင်ရန်မှာ အလွန်အရေးကြီးပေသည် -

- အချိန်နှင့်အညီ ဖြစ်ပေါ်နေသော အခြေအနေ/အခက်အခဲ/အတွေ့အကြုံများ ပါဝင်သင့်ပြီး ထိုအချိန်တွင် ဖြစ်ပေါ်နေသည့် ခံစားချက်များကိုလည်း ထည့်သွင်းဖော်ပြခြင်း
- လက်တွေ့အကောင်အထည်ဖော်ခြင်း/ ဆောင်ရွက်ချက် - မည်သူတို့က မည်သည်တို့ကို အကောင်အထည်ဖော်နေသည်၊ မည်သူ့အတွက်ဖြစ်သည်၊ မည်သည့် အချိန်နှင့် မည်သည့် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်နေသည်
- လေ့လာစောင့်ကြည့်ခြင်း - လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေစဉ် သင်ဘာတွေကို လေ့လာစောင့်ကြည့်ခဲ့ပါသလဲ။ ပြောင်းလဲချက် တစ်စုံတစ်ရာရှိပါသလား။
- ပြန်လည် လေ့လာသုံးသပ်ခြင်း (reflection) - အတွေ့အကြုံများကို ပြန်လည်သုံးသပ်ခြင်း
- လေ့လာဆန်းစစ်ခြင်း သို့မဟုတ် အကဲဖြတ်ခြင်း - Reflection ပြုလုပ်ခြင်းဖြင့် အခြေအနေများကို ပြန်လည်ဆန်းစစ်ရန် လိုအပ်ချက် ထွက်ပေါ်လာနိုင်သည် သို့မဟုတ် အခြားအကြောင်းအရာများကို စူးစမ်းလေ့လာရန် လိုအပ်ချက်လည်း ထွက်ပေါ်လာနိုင်သည်။ ရှင်းလင်းတိကျသော ဆောင်ရွက်ချက်များ ပြုလုပ်ရန်လိုအပ်ချက်ကိုလည်း မီးမောင်းထိုးပြလာနိုင်သည်။

ရက်စွဲ	အကြောင်းအရာ	ဆောင်ရွက်ချက်	မျှော်မှန်းရလဒ်	အပြောင်းအလဲကို ဖော်ပြချက်	သက်ရောက်မှု	ဖြစ်ပေါ်စေသည့် အချက်များ	ပြန်လည်လေ့လာသုံးသပ်ခြင်း
ဇွန်လ၊ ၂၀၁၈	သက်ငယ်မုဒိမ်းဥပဒေ ပြင်ဆင်ပြောင်းလဲရန်	အဆိုတင်သွင်းခဲ့သည်	သက်ငယ်မုဒိမ်းအတွက် အပြစ်ဒဏ် ပြောင်းလဲလိုသည်	ထောက်ခံသူ နည်း၍ အဆိုမအောင်မြင်ပါ	ပါတီများ အကြားအကူအညီ ရရှိရေး/ ပေးအပ်ရေး အတွက် ပိုမို လုပ်ဆောင်ရန် လိုအပ်သည်	NLD တွင်လည်း ၎င်းတို့ ကိုယ်ပိုင် reform အစီအစဉ်ရှိသဖြင့် အဆိုအပေါ်ထောက်ခံမှု မရခဲ့ပါ	အဆိုတင်သွင်းမှုများ အောင်မြင်ရန် MP များ အနေဖြင့် ပါတီများ အကြားအကူအညီ ရရှိရန် လိုအပ်သည်

၁။ Mentee များနှင့် ပုံမှန်လေ့လာစောင့်ကြည့်ရေးဆိုင်ရာ တွေ့ဆုံမှုများ

အခရာအဖွဲ့နှင့် ပိုမို၍ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများ ရှိလိုကြောင်း MP များကဆိုကြသည်။ ထို့ကြောင့် ပုံမှန်လေ့လာ စောင့်ကြည့်ခြင်းဆိုင်ရာ နည်းစနစ်တစ်ခု တည်ဆောက်ရန် အကြံ ပြုအပ်ပါသည်။ ပြန်လည်လေ့လာသုံးသပ်ခြင်းဆိုင်ရာ တိုတောင်း သော ပုံစံစာရွက်လေးများ (reflection sheets) ကိုအသုံးပြု၍ တွေ့ဆုံစည်းဝေးမှုနှင့် အခြားသော Follow-up များကို မှတ်တမ်း တင်နိုင်သည်။ ဤအချက်သည် လက်တွဲလမ်းပြခြင်းကို အကူအညီ ပေးရုံသာမက ကျား/မတန်းတူညီမျှမှုဆိုင်ရာ ဥပဒေအတွက် အမျိုးသမီးလုပ်ရှားမှု၏ Advocacy ကြိုးပမ်းအားထုတ်မှုဆိုင်ရာ တိုးတက်မှုများအား Mentee များကို ပြောပြနိုင်ရန် အခရာအဖွဲ့ အတွက် အချိန်လည်း ရရှိမည်ဖြစ်သည်။

၂။ မဲဆန္ဒနယ်များတွင် အခမ်းအနားများ ကျင်းပစဉ် (ဥပမာ - အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား - IWD) မြန်ဆန်သော သုတေသနပြုလုပ်ခြင်း

မဲဆန္ဒရှင်များထံမှ အချက်အလက်များ ရရှိခြင်းဖြင့် ပရိုဂရမ်၏ သက်ရောက်မှုဆိုင်ရာ အထောက်အထားများ ရရှိနိုင်သည်။ IWD ကဲ့သို့ အခမ်းအနားများသည် အခရာအဖွဲ့အတွက်လည်း ဝန်ထုပ် ဝန်ပိုး အပိုမဖြစ်စေဘဲ အချက်အလက်များ ကောက်ယူစုစည်းရန် အခွင့်အရေးပေးသည်။ ထိုအခမ်းအနားများတွင် vox pop (တက်ရောက်လာသူ အများပြည်သူများထဲမှ လူများအား အင်တာဗျူး အတိုကလေးများ ပြုလုပ်ခြင်း) အင်တာဗျူးကို ဒီဂျစ်တယ် နည်းပညာသုံး စစ်တမ်းအတိုလေး ကောက်ယူခြင်းဖြင့် သို့မဟုတ် သမားရိုးကျမဟုတ်ဘဲ လွတ်လွတ်လပ်လပ်ဖြင့် အုပ်စုဖွဲ့ ဆွေးနွေးမှုလေးများ ကျင်းပကာ ပြုလုပ်နိုင်သည်။

၃။ သတင်းမီဒီယာတွင် ဖော်ပြမှုများကို မျက်ခြေမပြတ် လေ့လာ ခြင်း (tracking of media mentions)

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အကြောင်း သို့မဟုတ် အကြောင်း အရာခေါင်းစဉ်များအကြောင်း သတင်းမီဒီယာများအတွင်း ဖော်ပြမှု များကို နောက်ယောင်ခံ မှတ်သားနိုင်သည့် အွန်လိုင်းနည်းလမ်း များစွာရှိပါသည်။ မီဒီယာကို မျက်ခြေမပြတ် လေ့လာစောင့်ကြည့် နိုင်သည့် နည်းစနစ်တစ်ခု ထားရှိခြင်းဖြင့် MP များအကြောင်းကို မီဒီယာတွင် မည်မျှဖော်ပြသနည်းဟူသော အထောက်အထားများ ကို ပရိုဂရမ်က ရရှိနိုင်မည်ဖြစ်သည်။ ဆိုရှယ်မီဒီယာကို လေ့လာ စောင့်ကြည့်သည့် နည်းလမ်းများကို အသုံးပြု၍ MP များ၏ ပြည်သူများထံသို့ ရောက်ရှိနိုင်မှု၊ လူသိများထင်ရှားလာမှုများကို တိုင်းတာခြင်းသည်လည်း နောက်ထပ် နည်းလမ်းတစ်ခု ဖြစ်ပါ သည်။ ဆိုရှယ်မီဒီယာတွင် ဖော်ပြမှုများနှင့် ဆိုရှယ်မီဒီယာ၏ ရောက်ရှိနိုင်မှုကို တိုင်းတာပေးသည့် အခကြေးငွေပေးစရာ မလို သော နည်းလမ်းများစွာရှိပါသည် - ဥပမာ၊ SocialBakers၊ Hootsuite သို့မဟုတ် Brand24 တို့ဖြစ်သည်။

လက်တွဲလမ်းပြခြင်း အဆင်မပြေတော့သည့် အခြေအနေ တွင် Mentor-Mentee အတွဲအသစ်များကို ဂရုတစိုက်လေ့လာစောင့်ကြည့်ရန် လိုအပ်သည်။

Mentor-Mentee အတွဲတစ်ခုတွင် ပြဿနာများ ကြုံတွေ့ခဲ့ရ သည်။ IWDA နှင့် အခရာတို့က အဆိုပါအခက်အခဲကို လျှင်မြန်စွာ ဖြေရှင်းနိုင်ခဲ့သည်ဟု လေ့လာသုံးသပ်မှုတွင် တွေ့ရှိရသည်။ ၎င်းတို့ က Mentor နှင့် Mentee အကြား နားလည်မှု လွဲမှားခြင်းကို ရှင်းပြပြီး Mentor တစ်ဦး၏ အခန်းကဏ္ဍကို သေသေချာချာ ပြန်လည်ရှင်းပြကာ Mentee အနေဖြင့် Mentor ထံမှမည်သည် တို့ကို မျှော်လင့်နိုင်ကြောင်း ရှင်းရှင်းလင်းလင်းဖြစ်စေခဲ့သည်ကို တွေ့ရသည်။ နောက်ပိုင်းတွင် ထို Mentee ကိုပင်အခြား Mentor တစ်ဦးနှင့် တွဲဖက်ပေးခဲ့သည်။ Mentor မရှိသည့် အချိန်ကာလ တစ်ခု သူမအနေဖြင့်ဖြတ်သန်းခဲ့ရပြီး Mentor အသစ်နှင့် တွဲဖက် ခြင်းမှာလည်း နေးကွေးခဲ့သဖြင့် လက်တွဲလမ်းပြခြင်းဆိုင်ရာ ပိုမို လေ့လာနိုင်သည့် အခွင့်အလမ်းတစ်ခု ဆုံးရှုံးခဲ့ရသည်ဟု Mentee ကပြောကြားခဲ့သည်။ ဤအတွေ့အကြုံအရ အနာဂတ်တွင် Mentor-Mentee အတွဲသစ်များအား ကနဦးအဆင့်ကပင် ယခု ထက် ပိုမို၍ ရင်းနှီးမြှုပ်နှံကာ အကူအညီပေးသင့်ကြောင်း အကြံပြု အပ်ပါသည်။

MP များကြုံနေရသည့် အရင်းအမြစ် မလုံလောက်မှု ဆိုင်ရာ ဝိတ်ခေါ်မှုများကို လက်တွဲလမ်းပြခြင်း အစီအစဉ်တစ်ခုတည်းဖြင့် မပြေရှင်းနိုင်ပါ။

လက်တွဲလမ်းပြခြင်းသည် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင် ဆောင်ရွက်ရေးနှင့် စွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာ အကျိုး ကျေးဇူးများ ရရှိစေသည်ဟု ရှေ့ပြေးစမ်းသပ်မှုက ပြသနေသည်။ သို့ပါသော်လည်း အမျိုးသမီး MP များ၏ လွတ်တော်ကိုယ်စားလှယ် အဖြစ် တက်ကြွစွာဆောင်ရွက်မှုကို ဟန့်တားနေသည့် စိန်ခေါ်မှု များစွာကို ဆက်လက်ရင်ဆိုင် နေရဆဲဖြစ်ကြောင်း ရှေ့ပြေးစမ်းသပ် အစီအစဉ် ပြီးဆုံးသွားသည့် အခါတွင် MP များက ပြောကြား ခဲ့သည်။

အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုအတွက် နိုင်ငံရေး ဆိုင်ရာ အကူအညီပေးခြင်း

တွေ့ဆုံမေးမြန်းခဲ့သည့် နိုင်ငံရေးပါတီများက ၎င်းတို့ အနေဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အမျိုးသမီး များ ပါဝင်မှုကို လက်ခံကြိုဆိုကြောင်း ပြောကြားခဲ့ကြသည်။ သို့သော်လည်း ထိုအရေးကြီးအခန်းကဏ္ဍများတွင် အဘယ်ကြောင့် အမျိုးသမီးများ ရှားပါးရခြင်းကို နိုင်ငံရေးပါတီများမှ အင်တာဗျူး ဖြေကြားခဲ့သူများ၏ အမျိုးသမီးများ၏ အခန်းကဏ္ဍအပေါ် စိတ်မဝင်စားခြင်းက ရှင်းပြနေပေသည်။ အမျိုးသမီးများပါဝင် ဆောင်ရွက်မှုကို ဟန့်တားနေသည့် ကျား/မ ရေးရာ၊ ဂျန်ဒါဆိုင်ရာ အတားအဆီးများ (gendered-barriers) အကြောင်း နည်းပါး လှစွာ လေ့လာဆန်းစစ်မှု ပြုထားသည်ကို တွေ့ရှိရသည်။ ဥပမာ - မေးခွန်းဖြေကြားသူ တစ်ဦးက ကျား/မ အရေအတွက် သတ်မှတ်ချက် (Gender quotas) နှင့်ပတ်သက်ပြီး နောင့်နေးစွာ ဖြေကြားခဲ့သည်။ ကြားနေကျအကြောင်းပြချက်ဖြစ်သည့် "အရည် အချင်းရှိတဲ့ အမျိုးသမီးကိုယ်စားလှယ်လောင်းတွေ၊ ပါတီဝင်တွေ ရှိနေမယ်ဆိုရင် ဘာလို့ အမျိုးသမီးပါဝင်မှုကို ၃၀% သတ်မှတ်နေ မလဲ။ သူတို့အနေနဲ့ ၃၀% ထက်ပိုတဲ့ နေရာတွေကို ရနိုင်တာပဲ၊ ၅၀% ဆိုလည်းရနိုင်တာပဲ"။ ဤဖြေကြားချက်ကို ကြည့်ခြင်းဖြင့် ခေါင်းဆောင်များထံတွင်ပင် အဘယ်ကြောင့် အမျိုးသမီးများ ဖယ်ကျဉ်ခံနေရသည်ဟူသည့် ဇစ်မြစ်အကြောင်းရင်းကို နားလည် ခြင်း မရှိသည်ကို တွေ့ရှိရပြီး အတားအဆီးများ ကျော်ဖြတ်ရန် ကူညီထောက်ပံ့မှုများကို အဟန့်အတားဖြစ်စေသည်။

ကျား/မပြစ်ခြင်းအပေါ် မူတည်၍ မတူညီသည့် လိုအပ်ချက်များ

လက်ရှိကျား/မရေးရာ စံသတ်မှတ်ချက်များကြောင့် အမျိုးသား များ မကြုံတွေ့ရသည့် ဖွဲ့စည်းတည်ဆောက်မှုနှင့် ယဉ်ကျေးမှု ဆိုင်ရာ စိန်ခေါ်ချက်များကို အမျိုးသမီး MP များ ကြုံတွေ့ရသည်။ လုံခြုံရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် မိသားစုတာဝန်များ လည်းအပါအဝင်ဖြစ်သည်။ MP တစ်ဦးသည်လည်း အင်တာဗျူး ဖြေကြားချိန်တွင် တစ်နှစ်အရွယ်ကလေးငယ်ကို ပြုစုစောင့်ရှောက် နေရပြီး သူမ၏ ပြီးခဲ့သည့် မဲဆွယ်စည်းရုံးမှု၌ ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကို မျှဝေခဲ့သည်။ အခြား MP များတွင်လည်း ကလေး ငယ်များ ရှိပြီး မိသားစုဝင်များ၏ အကူအညီအပေါ် အားကိုး အားထား ပြုနေရသည်။ အချို့အမျိုးသမီး MP များကလည်း အမျိုးသမီး ဖြစ်ခြင်းကြောင့် ၎င်းတို့ တွေ့ကြုံရသည့် အန္တရာယ်များ အကြောင်းရှင်းပြခဲ့သည် - ဥပမာ၊ ၎င်းတို့ဂုဏ်သိက္ခာကို ထိခိုက် စေသည့် နှုတ်ဖြင့် စော်ကားမှုများ။ အမျိုးသား MP များအတွက်မူ ထိုသို့သော စော်ကားမှုမျိုးမကြုံတွေ့ခဲ့ရပေ။ အမျိုးသမီး MP တစ်ဦးက သူမ၏ ရပ်ရွာတွင် ကျင့်ဝတ် မလိုက်နာသည့် စီးပွားရေး လုပ်ငန်းအလေ့အကျင့်များကို ထောက်ပြဆွေးနွေးခဲ့သည်။ ၎င်းကို တုံ့ပြန်သောအားဖြင့် အလုပ်အတွက် အမျိုးသားလုပ်ဖော် ကိုင်ဖက်များနှင့်အတူ ခရီးသွားရသည့်အခါ၌ ထိုသို့ သွားလာမှုနှင့် စပ်လျဉ်း၍ သူမ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် မေးခွန်းများ ကို ကြုံခဲ့ရသည်။

ကျား/မဆိုင်ရာစံနှုန်းများ

အင်တာဗျူးဖြေကြားသူ Mentee များအားလုံးက တစ်ညီတစ်ညွှတ် တည်း ထောက်ပြကြသည်မှာ လက်တွဲလမ်းပြခြင်း အစီအစဉ် သည် အမျိုးသမီး MP များကိုသာလျှင် ဦးတည်ခဲ့သည်ဟူ၍ ဖြစ် သည်။ လက်တွဲလမ်းပြခြင်း အစီအစဉ်၏ ဤအချက်ကို တစ်မှု ထူးကဲပြီး ဆန်းသစ်သည်ဟု ၎င်းတို့ ရှုမြင်ကြသည်။ အောက်တွင် ဖော်ပြထားသည့် အတိုင်း *"ကျမတို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက် သည်ဖြစ်စေ၊ အခန်းထဲမှာ အမျိုးသားတစ်ဦးရှိနေရင် အနေ အထားက ပြောင်းသွားတော့တာပါပဲ"* (Mentee နှင့်အင်တာဗျူး) အင်တာဗျူးဖြေကြားခဲ့သည့် Mentee များအားလုံးသည် EMILY's List ၏ အတွေးအခေါ်နှင့် ဆောင်ပုဒ်ကို အသိအမှတ်ပြုကြသည် - *"အမျိုးသမီးတွေအချင်းချင်း ကူညီကြရင် အမျိုးသမီးတွေ နိုင်မယ်"*။ ဤဆောင်ပုဒ်ကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်နှင့် လက်တွေ့ကျင့်သုံးရန် လိုအပ်သည်ဟု ၎င်းတို့ က အကြံပြုကြသည်။ Mentee များက ၎င်းတို့၏ ခေါင်းဆောင်မှု စွမ်းရည်ကို အမျိုးသားများ သိရှိအောင် သက်သေပြခြင်း သာမက ဘဲ အခြားသော အမျိုးသမီး MP များကိုလည်း သက်သေပြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ အချို့အမျိုးသမီး MP များ သည် Mentee များကို ပို၍ ပြင်းထန်စွာ ဝေဖန်ခဲ့ကြသည်ဟု အချို့ Mentee များက သုံးသပ်ကြသည်။

မြန်မာနိုင်ငံရှိ ကျား/မဆိုင်ရာစံနှုန်းများနှင့် တရားသေမှတ်ယူမှု များကြောင့် ခေါင်းဆောင်မှုပိုင်းနှင့် အများပြည်သူကဏ္ဍတွင် အမျိုးသမီးများ ပြည့်ပြည့်ဝဝ ပါဝင်နိုင်စွမ်းကို ကန့်သတ်ချက်များ ဖြစ်ပေါ်စေသည်။ အင်တာဗျူးဖြေကြားခဲ့သည့် Mentee များက ၎င်းတို့စွမ်းဆောင်ရည်ကို လက်တွေ့လုပ်ဆောင်ခြင်းဖြင့်သာ ပြသ နိုင်မည်ဖြစ်ပြီး ထို့အတွက် ၎င်းတို့ မိခင်ပါတီများနှင့် အရပ်ဖက် အဖွဲ့အစည်းများမှ ဆက်လက်ကူညီပေးရန် အကြံပြုခဲ့ကြသည်။ ၎င်းတို့ စွမ်းဆောင်နိုင်မှုများနှင့် ကျွမ်းကျင်မှုများကိုသာ ပြသနိုင် မည်ဆိုပါက အချိန်တန်လျှင် ၎င်းတို့ ရပ်ရွာရှိ အမျိုးသားများ၊ အမျိုးသမီးများနှင့် ၎င်းတို့၏ မိသားစုဝင်များကပါ လေးစားမှု ပြလာကြသည်ဟု Mentee များက ခံစားရသည်။

အရင်းအမြစ်များမရှိခြင်း

အင်တာဗျူးဖြေကြားခဲ့သည့် နိုင်ငံရေးပါတီများသည် ၎င်းတို့၏ MP များအနေဖြင့် လာမည့် ရွေးကောက်ပွဲများတွင် ပြန်လည် ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်နိုင်ခြေ အမှန်တစ်ကယ်ရှိသည်ဟု ယုံကြည်ကြသည်။ သို့သော်လည်း အချို့အမျိုးသမီး MP များကမူ အကယ်၍ ပိုမိုကောင်းမွန်သော မဲဆွယ်စည်းရုံးမှု၊ စီမံအုပ်ချုပ်ရေး နှင့် သယံဇာတို့ဆောင်မှု/စာရင်းဇယားဆိုင်ရာ အကူအညီများ မရရှိပါက ၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်တော့မည် မဟုတ်ဟု ဆိုကြသည်။ လက်ရှိအခြေအနေတွင် အင်တာဗျူး ဖြေကြားခဲ့သည့် အမျိုးသမီး MP များအတွက် ကူညီပေးမည့် ဝန်ထမ်းဌာနရမ်းရန် ဘတ်ဂျက်မရှိသဖြင့် ၎င်းတို့ နေပြည်တော် လွှတ်တော်အစည်းအဝေးများ တက်ရောက်နေချိန်တွင် မဲဆန္ဒရှင် များနှင့် ချိတ်ဆက်ရန်၊ အကူအညီပေးရန်အတွက် ၎င်းတို့၏ မဲဆန္ဒနယ်များတွင် မည်သည့် ဝန်ထမ်းမှ မရှိချေ။

အနာဂတ်တွင် အလားတူအစီအစဉ်များ ဆောင်ရွက်မည်ဆိုပါက ပရိုဂရမ်အနေဖြင့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် သို့မဟုတ် ထိုစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နည်းလမ်းများ ထည့်သွင်းရန် အကြံပြုပါသည်။ သို့မှသာ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အကျိုးသက်ရောက်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်မှုအတွက် ဆောင်ရွက်နေသော အစီအစဉ်အချို့လည်း တည်ရှိနေပါသည်။ သို့သော်လည်း အဆိုပါ အဖွဲ့အစည်းများအကြား တရားဝင်ချိတ်ဆက်ဆောင်ရွက်မှုများ မရှိသေးသည်ကို တွေ့ရှိရသည်။ ဤလေ့လာသုံးသပ်မှု လုပ်နေစဉ်အတွင်း အောက်တွင် ဖော်ပြထားသည့် သက်ဆိုင်ပါဝင်သူများကို ဆက်သွယ်ခဲ့ပြီး မည်သည့်ပူးပေါင်းဆောင်ရွက်မှုမျိုး ဖြစ်ပေါ်နိုင်သည်ဟု ဥပမာအနေဖြင့် ရှုမြင်နိုင်သည်။ အမျိုးသမီး MP များတင်ပြသော အခက်အခဲများအားလုံးကို NGO အဖွဲ့ချည်းသက်သက် ဖြေရှင်းပေးနိုင်မည်မဟုတ်ဘဲ MP များအတွက် လိုအပ်နေသည့် အရင်းအမြစ်များကို ၎င်းတို့ မိခင်ပါတီများကလည်း ကူညီထောက်ပံ့ပေးရန် လိုအပ်သည်ဟု သတိပြုမိရန် အရေးကြီးပါသည်။

ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်အဖွဲ့ အစည်း (Danish Institute for Parties and Democracy – DIPD)

အမျိုးသမီးနိုင်ငံရေးဆိုင်ရာ လက်တွဲလမ်းပြခြင်း အစီအစဉ်ကို ရှေ့ပြေးစမ်းသပ်ဆောင်ရွက်နေသည်။ အစီအစဉ်တွင် ပါဝင်သည့် နိုင်ငံရေးပါတီ ၅ ခုက Mentee များကို ရွေးချယ်ပြီး အဆိုပါ Mentee များသည် အနာဂတ်လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူများ ဖြစ်လာမည်ဟု DIPD ကမျှော်မှန်းသည်။ Mentor အချို့မှာ အမျိုးသမီး MP များဖြစ်ပြီး အချို့မှာ CSO ခေါင်းဆောင်များ ဖြစ်ပါသည်။ လက်ရှိတွင် DIPD ၏ လက်တွဲလမ်းပြခြင်းအစီအစဉ်သည် နိုဝင်ဘာ ၂၀၁၇ တွင်မှ အစပြုပြီး ရှေ့ပြေးစမ်းသပ်အဆင့်တွင်သာ ရှိပါသေးသည်။ သို့သော်လည်း ဤရှေ့ပြေးစမ်းသပ် အစီအစဉ် နှစ်ခုကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာ ရှိနေသည်ကို တွေ့ရှိရသည်။

အခရာ/IWDA အစီအစဉ်မှ Mentee တစ်ဦးသည် DIPD အစီအစဉ်တွင် Mentor ဖြစ်လာခဲ့သည့်အတွက် ထိုသို့အလားတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများကို စူးစမ်းရှာဖွေသင့်ပါသည်။ ထို့အပြင်ပရိုဂရမ်၏ အစိတ်အပိုင်းတစ်ရပ်နေဖြင့် ၃ လ တစ်ကြိမ် စွမ်းဆောင်ရည်ဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများကို DIPD က ပြုလုပ်သည်။ အကယ်၍သာ အခရာ နှင့် DIPD တို့သည် တရားဝင်ပါတနာ ဖြစ်လာပါက အဆိုပါ တွေ့ဆုံဆွေးနွေးမှုများအတွက် ၂ ဖွဲ့ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဩစတြေးလျ Mentor များကိုလည်း အွန်လိုင်းဗီဒီယိုမှတစ်ဆင့် ပါဝင်စေနိုင်သည်။ နောက်ထပ် အစီအစဉ်တစ်ခုတွင်မူ လူငယ်ပရောဂျက်တစ်ခုစတင်ရန် DIPD က ပြင်ဆင်မှုများ ပြုလုပ်နေပြီး အဆိုပါပရောဂျက်တွင် အလုပ်သင် အစီအစဉ်တစ်ခုလည်း ပါဝင်ကာ လူငယ်များအနေဖြင့် MP များအား ကူညီပေးရုံသာမက လေ့လာသင်ယူမှုလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။ သုတေသနအတွက် အမျိုးသမီး MP များတွင် အရင်းအမြစ်များ ချို့တဲ့နေသည်ဖြစ်ရာ အဆိုပါအစီအစဉ်ကိုလည်း အခရာ နှင့် DIPD တို့အတွက် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တစ်ခု အဖြစ် ရှုမြင်နိုင်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (Women's League of Burma -WLB)

လက်ရှိတွင် WLB သည် ၆ လတာ နိုင်ငံရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကျောင်းတစ်ခုကို ဖွင့်လှစ်ဆောင်ရွက်နေသည်။ ထိုသင်တန်းတွင် အလုပ်သင် အစီအစဉ်တစ်ခုကိုလည်း ထည့်သွင်းနိုင်ရန် ကြိုးစားလျက်ရှိပါသည်။ ထိုအစီအစဉ်ကို ၂၀၁၉ တွင် စတင်နိုင်ရန် မျှော်မှန်းထားပြီး သင်တန်းကျောင်းမှ ဘွဲ့ပေးအပ်လိုက်သူများမှတစ်ဆင့် MP များကို နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးလိုသည်။ ဤအစီအစဉ်ကိုလည်း ပူးပေါင်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေတစ်ခု အဖြစ်ရှုမြင်နိုင်ပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Program - UNDP)

လွှတ်တော်တွင် ၂၀၁၄ ခုနှစ်မှစ၍ လေ့လာသင်ယူမှု စင်တာတစ်ခု ဖွင့်လှစ်ထားပါသည်။ IT ပိုင်းဆိုင်ရာ အကူအညီနှင့် အရင်းအမြစ်များသာမက မာစတာအတန်းများ၊ သင်တန်းများနှင့် ကြိုတင်မစီစဉ်ထားဘဲ လာရောက်လေ့လာဆွေးနွေးနိုင်သည့် နေရာများကိုလည်း စီစဉ်ပြုလုပ်ပေးလျက်ရှိပါသည်။ လွှတ်တော် ဥက္ကဋ္ဌက မာစတာအတန်းများနှင့် သင်တန်းတက်ရောက်နိုင်သူများကို ရွေးချယ်ပေးသည်။ လေ့လာသင်ယူမှုစင်တာနှင့်ပတ်သက်၍ ဆန်းစစ်မှုတစ်ခုကို UNDP ကပြုလုပ်မည်ဖြစ်ပြီး ဝန်ဆောင်မှုအသုံးပြုသည့် အရေအတွက်များ ရရှိနိုင်ရန်ဖြစ်သည်။ စင်တာတည်တံ့မှုရှိစေရန်အတွက် ရေရှည်စီမံချက်အနေဖြင့် ပြည်တွင်းပိုင်ဆိုင်မှု (local ownership) အဖြစ် လွှဲပြောင်းပေးမည်ဖြစ်သည်။ စင်တာသည် MP များ၏ လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ရန် အရေးကြီးသည်။ လက်တွဲလမ်းပြခြင်း ရှေ့ပြေးစမ်းသပ်အစီအစဉ်တွင် ပါဝင်ခဲ့သူ အမျိုးသမီး MP များသည် စင်တာမှ ဝန်ဆောင်မှုများကို အသုံးမပြုကြသေးချေ။ အကြောင်းရင်းတစ်ခုမှာ စင်တာသည် ညနေ ၅ နာရီထိုးလျှင် ပိတ်ပြီးဖြစ်၍ MP များအတွက် ဝန်ဆောင်မှုရယူရန် အဆင်မပြေဟု ဆိုသည်။ သို့ပါသော်လည်း စင်တာဖွင့်ချိန်နှင့် ပိတ်ချိန်များကို တိုးချဲ့ရန်မှာမူ လွှတ်တော်နှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်မည်ဖြစ်ပြီး လွယ်ကူမည်မဟုတ်ဟု သိရှိရသည်။ အခရာအမျိုးသမီးအဖွဲ့အနေဖြင့် အမျိုးသမီး MP များ မည်သည့်အတွက်ကြောင့် ဝန်ဆောင်မှုများ အသုံးမပြုနိုင်သေးပါဟု UNDP နှင့် တိုင်ပင်ဆွေးနွေးပြီး စင်တာမှ ပေးအပ်နိုင်သည့် အသိပညာ ဗဟုသုတများအကြောင်း အသိပေး ပြောကြားသင့်သည်ဟု အကြံပြုအပ်ပါသည်။ ဤသို့ဖြင့် Mentee များအနေဖြင့် စင်တာကို ပိုမိုအသုံးပြုမှု မြင့်တက်လာနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

နိုင်ငံခြားရေးရာနှင့်ကုန်သွယ်မှုဌာန (Department of Foreign Affairs and Trade -DFAT)

မြန်မာအစိုးရဝန်ထမ်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများအား ဩစတြေးလျတွင် ပညာသင်ကြားရန် ထောက်ပံ့သည့် အစီအစဉ်တစ်ခု DFAT တွင်ရှိသည်။ မြန်မာပြည်သို့ ပြန်ရောက်သည့်အခါတွင် ကျောင်းသားဟောင်းကွန်ရက် (Alumni network) တစ်ခု တည်ထောင်ထားသည်။ အဆိုပါ ကျောင်းသားဟောင်းများကိုလည်း အမျိုးသမီး MP များနှင့် အလုပ်သင်အစီအစဉ်အတွက် ပါဝင်ရန် ဆက်သွယ်ဆောင်ရွက်သင့်သည်။

အခရာအမျိုးသမီးအဖွဲ့
(Akhaya Women)

ဤလေ့လာသုံးသပ်မှု ပြုလုပ်နေစဉ်က အခရာသည် နိုင်ငံရေးလက်တွဲလမ်းပြခြင်း အစီအစဉ်ကို ၎င်းတို့၏ အဓိကလုပ်ငန်း နယ်ပယ်တစ်ခုအဖြစ် ပေါင်းစည်းရန် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်နေသည်။ လိင်ပိုင်းဆိုင်ရာဆွေးနွေးမှု (Sexuality Dialogue) မှတစ်ဆင့် ရေရှည်တည်တံ့သည့် အမျိုးသမီးများစွမ်းဆောင်ရည် မြှင့်တင်ခြင်း အစီအစဉ်ကို အခရာအဖွဲ့က ပြုလုပ်နေသည်။ အနာဂတ်အစီအစဉ်များတွင် အခရာ၏ စီမံကိန်းများအတွင်း အစီအစဉ်တစ်ခုနှင့် တစ်ခု ချိတ်ဆက်ခြင်း (interprogram relationship) တည်ဆောက်ရန် အရေးကြီးပါသည်။ လက်တွဲလမ်းပြခြင်း ရှေ့ပြေးစမ်းသပ်နေစဉ်တွင် Sexuality Dialogue သို့ Mentee များကို အခရာက ဖိတ်ခေါ်ခဲ့သည်။ အဆိုပါ ချိတ်ဆက်မှုများကို တိုးချဲ့ဆောင်ရွက်သင့်သည် - ဥပမာ - စိတ်ဝင်စားမှုရှိပါက ထိုဆောင်ရွက်ချက်များကို Mentee များ၏ မဲဆန္ဒနယ်များတွင်ပြုလုပ်ခြင်း။

လက်တွဲလမ်းပြခြင်း အစီအစဉ်အတွက် လူငယ်အား အရင်းအမြစ်ဆိုင်ရာ အကူအညီများ အလွန်လိုအပ်သည်။

ရှေ့ပြေးစမ်းသပ်အောင်မြင်မှုအတွက် Mentor နှင့် Mentee များ သတိပြုမိသည့် အရေးကြီးသော အချက်မှာ စိုးရိမ်ပူပန်မှုများနှင့် သံသယတို့ကို ဖြေရှင်းပေးရန် အကူအညီပေးသူရှိခြင်းပင် ဖြစ်ပါသည်။ လက်တွဲလမ်းပြမှုဆိုင်ရာ တွဲဖက်ခြင်းများသည် တစ်ဦးနှင့် တစ်ဦးအကြားများပြားလှသည့် ထိတွေ့ဆက်ဆံရမှုဖြစ်ပြီး အခြားသော ဆက်ဆံရေးများကဲ့သို့ပင် အပြုလက္ခဏာဆောင်ခြင်းနှင့် အနှုတ်လက္ခဏာဆောင်ခြင်း ရှိနိုင်သည်။ မြန်မာနိုင်ငံနှင့် သြစတြေးလျ နှစ်နိုင်ငံလုံးတွင် ဤအစီအစဉ်အတွက် အကြံပေးပညာရှင်များရှိခြင်းသည် တန်ဖိုးရှိလှကြောင်း တွေ့ရှိရသည်။ အချို့သော Mentee များကလည်း ပုံမှန် တွေ့ဆုံမှုများ ပိုမိုရှိခြင်းအားဖြင့် လက်တွဲလမ်းပြမှု အစီအစဉ်၏ အကျိုးသက်ရောက်မှု ပိုမိုမြင့်မားစေနိုင်မည်ဟု ဆိုကြသည်။ *"အခရာအနေနဲ့ နေပြည်တော်ကို မကြာခဏ ဆိုသလို လာစေချင်ပါတယ်၊ တစ်လကို အနည်းဆုံး တစ်ကြိမ်လောက် လာပြီးတော့ အမျိုးသမီး MP တွေနဲ့ အလုပ်လုပ်ဖို့ နည်းဗျူဟာတွေအတူ ဆွေးနွေးနိုင်ဖို့ မျှော်လင့်ပါတယ်၊ အခရာအဖွဲ့က CSO/အမျိုးသမီးလှုပ်ရှားမှုတွေနဲ့ ကျမတို့ MP တွေ အကြား အရေးပါတဲ့ ပေါင်းကူးတံတားတစ်ခုဖြစ်ပါတယ်"* (Mentee နှင့် KII အင်တာဗျူး)။ DIPD ၏ လက်တွဲလမ်းပြခြင်းမိုဒယ်တွင် ပရိုဂရမ်မန်နေဂျာသည် Mentor များ၊ Mentee များနှင့် လစဉ်မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်သည်။ Mentee များ အနေဖြင့် အနာဂတ်အစီအစဉ်များအတွက် ဤမိုဒယ်ကို စူးစမ်းလေ့လာသင့်ပါသည်။

အခရာအမျိုးသမီးအဖွဲ့နှင့် Mentee များအကြား ယုံကြည်မှု ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့သည်ဟု လေ့လာသုံးသပ်မှုအရ တွေ့ရှိရသည်။ Mentee များက ၎င်းတို့ အဆိုတင်သွင်းရာ၌ အသုံးပြုမည့် အကြောင်းအရာ၊ အချက်အလက်နှင့် စာရင်းဇယားများအား နည်းပညာပိုင်းအရ ဆန်းစစ်ပေးပါရန် အခရာအဖွဲ့ကို တောင်းဆိုခဲ့ခြင်းက သက်သေပြနေသည်။ နေပြည်တော်တွင် လွှတ်တော်အမတ်များအား ကူညီပေးသည့် အဖွဲ့အစည်းများရှိသော်လည်း သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့် အထိခိုက် မခံသည့် ကိစ္စရပ်များအတွက် ချယ်ရီအဖွဲ့အစည်း၊ အခရာအမျိုးသမီးအဖွဲ့တို့နှင့် အလုပ်လုပ်ရန် ပိုမိုလိုလားသည်ဟုလည်း အင်တာဗျူးဖြေကြားသည့် Mentee များကဆိုခဲ့သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အခရာသည် စာရင်းဇယားနှင့် စီမံအုပ်ချုပ်မှုပိုင်းကိုသာ ကူညီပံ့ပိုးပေးသည့်အဖွဲ့ မဟုတ်ဘဲ နည်းပညာပိုင်းအရ Mentee များအားကိုးအားထားပြုနိုင်သည့် အဖွဲ့လည်းဖြစ်သည်မှာ ထင်ရှားနေပေသည်။

လက်တွဲလမ်းပြခြင်း သဘောတူညီချက်တွင် နှစ်ဖက်တွေ့ဆုံမှုကို တစ်လတစ်ကြိမ် ပြုလုပ်ရန် စီစဉ်ထားခဲ့သည်။ လက်တွေ့တွင်မူ မြန်မာနိုင်ငံနှင့် သြစတြေးလျနိုင်ငံကြား Skype meeting အတွက် အချိန်ကွာခြားမှု၊ ဘာသာစကားအခက်အခဲနှင့် နှစ်ဖက် သက်ဆိုင်သူများ၏ များပြားလှသော အစီအစဉ်များနှင့် မအားလပ်နိုင်မှုကြောင့် လက်တွေ့အကောင်အထည် မဖော်နိုင်ခဲ့ပါ။ အချို့ Mentor များနှင့် Mentee များသည် ၎င်းတို့၏ များပြားလှသော လုပ်ငန်းဆောင်တာများကြောင့် သြစတြေးလျခရီးစဉ် နောက်ပိုင်းတွင် စကားပြောဆိုမှုမပြုနိုင်တော့ကြောင်း တွေ့ရှိရသည်။ ပုံမှန်ဆက်သွယ်မှု ဖြစ်ပေါ်ရန်အတွက် ကြိုတင်ခန့် မှန်းပြင်ဆင်ထားသည့် အချိန်နှင့်အရင်းအမြစ်ဆိုင်ရာ ကူညီပံ့ပိုးမှုများ လိုအပ်ပါသည်။

ဘာသာစကား အခက်အခဲကြောင့် အခရာဝန်ထမ်းထံမှ ဘာသာပြန်အကူအညီရရှိရန် လိုအပ်သည်။ လက်တွဲလမ်းပြခြင်း အစီအစဉ်အတွက် သတ်မှတ်ထားသည့် ဘာသာပြန်/စကားပြန်မရှိသည့်အတွက် ဘာသာပြန် အကူအညီလိုအပ်သည့် Mentee (၅) ဦးလုံးသည် အခရာဝန်ထမ်းတစ်ဦးအပေါ်တွင်သာ အားထားနေရပြီး အဆိုပါဝန်ထမ်းအတွက်လည်း အလုပ်ဝန်ပိစေခဲ့သည်။ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများတွင် အလားတူပြဿနာကို ဖြေရှင်းရန် ပိုမိုအဆင်ပြေ ကောင်းမွန်သော ဘာသာပြန်ဝန်ဆောင်မှုများ ထားရှိရန် အကြံပြုအပ်ပါသည်။

ရှေ့ပြေးစမ်းသပ်အစီအစဉ် အောင်မြင်မှုအတွက် ဝန်ထမ်းများထံမှ ကူညီပံ့ပိုးမှုများသည် အရေးကြီးသည်ဟု ပြသနေသည့်အတွက် အနာဂတ်ပရိုဂရမ်များတွင် စီမံခန့်ခွဲမှုပြုနိုင်ရန် ပိုမိုကောင်းမွန်လုံလောက်သော အရင်းအမြစ်များကို စနစ်တကျ ပြင်ဆင်ထားရန် အရေးကြီးပေသည်။ အခရာအဖွဲ့အတွင်း အလုပ်ဝန်ပိမှုကြောင့် ဝန်ထမ်းနှုတ်ထွက်မှု ဖြစ်ပေါ်ခဲ့သည်ဟုလည်း သိရှိရသည်။ ပရိုဂရမ်သည် အချိန်နှင့် ငွေအရင်းအမြစ်များ အလွန်လိုအပ်သည့်အားလျော်စွာ အနာဂတ်အစီအစဉ်ကို ပိုမိုအကျိုးရှိစွာ၊ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အခရာအမျိုးသမီးအဖွဲ့ကို လုံလောက်သော အရင်းအမြစ်များ ခွဲဝေပံ့ပိုးရန် အရေးကြီးလှပါသည်။

ကျား/မရေးရာ၊ ဂျန်ဒါ တန်းတူညီမျှရေးဆိုင်ရာ ဥပဒေများ ထွက်ပေါ်လာရန် လက်တွဲလမ်းပြခြင်းတစ်ခုတည်းဖြင့် မလုံလောက်ပါ

ကျား/မတန်းတူညီမျှရေးဆိုင်ရာ ဥပဒေ အောင်မြင်စွာ ဖြစ်ပေါ်လာရေးအတွက် စည်းရုံးမှုများတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်ဟု အပြည်ပြည်ဆိုင်ရာ အထောက်အထားများက ပြသနေသည် (Cagna and Rao ၂၀၁၆)။ အကယ်၍ ပရိုဂရမ်သည် လွှမ်းမိုးနိုင်စွမ်းရှိသည့် ဦးဆောင်ရှေ့ရှက်ပြုသူ အမျိုးသမီး များဖြစ်လာစေရန်နှင့် WAVE ပရိုဂရမ်ပန်းတိုင်ဖြစ်သည့် "အမျိုးသမီးများနှင့် ကျား/မတန်းတူညီမျှရေးကို ကူညီပံ့ပိုးသည့် မူဘောင်များ" ဆီသို့ ပံ့ပိုးမှုများ ဖြစ်ပေါ်လာစေလိုသည် ဆိုပါလျှင် ဥပဒေပြုခြင်းဆိုင်ရာ ပိုမိုကျယ်ပြန့်သည့် Advocacy နည်းဗျူဟာများ ထည့်သွင်းရန် လိုအပ်ပါသည်။ ဥပမာ - အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ (PoVAW)နှင့် ကျား/မအရေအတွက်သတ်မှတ်ခြင်း (Gender quotas)။

အမျိုးသမီးများ နိုင်ငံရေးတွင် ကျွမ်းကျင်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် ကူညီပံ့ပိုးမှုများ ပိုမိုလိုအပ်သည်။

အပြည်ပြည်ဆိုင်ရာ လက်တွဲလမ်းပြခြင်း အစီအစဉ်သည် အကျိုးကျေးဇူးများစွာ ရှိခဲ့သော်လည်း သြစတြေးလျ Mentor များပေးနိုင်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုတွင် အကန့်အသတ်များ ရှိနေသည်။ Mentee များအားလုံး၊ အထူးသဖြင့် ပထမအကြိမ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသူ Mentee တစ်ဦးတွင် နိုင်ငံရေး၌ ကျွမ်းကျင်စွာ လှုပ်ရှားဆောင်ရွက်မှု အတွေ့အကြုံများ မရှိသေးပေ။ ၎င်းတို့အနေဖြင့် အဆိုပါအချက်နှင့်ပတ်သက်၍ ရှုန်းကန်နေရကြောင်း Mentee များက တင်ပြခဲ့ကြသည်။ တစ်ကမ္ဘာလုံးရှိ မည်သည့် နိုင်ငံရေးသမားအသစ်များမဆို လွှတ်တော်လည်ပတ်ပုံ၊ လုပ်ငန်းဆောင်ရွက်ပုံအကြောင်း သတင်းအချက်အလက်များ လိုအပ်သည်။ Mentor တစ်ဦးက သတိပြုမိသည်မှာ သြစတြေးလျတွင် အထက်လွှတ်တော်အမတ်များအတွက် လွှတ်တော်နှင့် မိတ်ဆက်ပေးခြင်း တရားဝင်လုပ်ငန်းစဉ် တစ်ရပ်ရှိသည်။ မြန်မာ MP များအတွက်လည်း UNDP က လွှတ်တော်ဆိုင်ရာ မိတ်ဆက်ရှင်းပြခြင်း ပြုလုပ်ခဲ့သော်လည်း လွှတ်တော်၏ လုပ်ငန်းစဉ် အသေးစိတ် အတိအကျ သိရှိနိုင်ရန်မှာ UNDP တစ်ခုတည်းဖြင့် မလုံလောက်ပါ။ ပရိုဂရမ်က နိုင်ငံရေးဗဟုသုတကြွယ်ဝသူ မြန်မာအကြံပေး ပုဂ္ဂိုလ်တစ်ဦး ဌားရမ်းခဲ့သော်လည်း Mentee များ အားနည်းပညာပိုင်းအရ အကူအညီပေးရန် သူမထံတွင် သီးသန့် တာဝန်မရှိခဲ့ပါ။ Mentee များအတွက် နိုင်ငံရေးလမ်းညွှန်မှု ပြုလုပ်ရန် တာဝန်ကိုပါ ထည့်သွင်းသင့်ပါသည်။ ပရိုဂရမ်တစ်ခုလုံးအတွက် နည်းပညာပိုင်းဆိုင်ရာ လမ်းပြသူတစ်ဦး ထားရှိရန်နှင့် ထိုပုဂ္ဂိုလ်သည် နိုင်ငံရေးဆိုင်ရာ လေ့လာသုံးသပ်မှုများ ပြုလုပ်ကာ Mentee များအား အကူညီပေးရန် အကြံပြုအပ်ပါသည်။ Mentee များ၏ လေးစားမှုရရှိရန်အတွက် ထိုပုဂ္ဂိုလ်သည် မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်၍ နှံ့စပ်ကျွမ်းကျင်သူ ဖြစ်သင့်ပါသည်။

အချိုးကျ ခွဲတမ်းစနစ် (Quotas)

ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီးများ ကိုယ်စားပြုမှုမြင့်တက်လာစေရန်အတွက် အထူးယာယီနည်းလမ်းတစ်ရပ် ချမှတ်ကျင့်သုံးသင့်သည် (ဥပမာ - အရေအတွက်သတ်မှတ်ခြင်း) ဟူသောအချက်ကို သက်ဆိုင်ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းမှုမှ တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးလွှတ်တော်အမတ်များ အတွက် Quotas သတ်မှတ်ရန် Advocacy လုပ်နေသော အဖွဲ့များစွာရှိသော်လည်း အဆိုပါလုပ်ငန်းများမှာ ပေါင်းစည်းဆောင်ရွက်မှု မရှိသေးသည်ကို ဤလေ့လာသုံးသပ်မှုတွင် တွေ့ရသည်။ မူဝါဒဆိုင်ရာ အကြောင်းအရာများကို စာရွက်ပေါ်တွင် ရေးသားတင်ပြမှုရှိသော်လည်း လက်ရှိအနေအထား၌ မည်သည့် Quota အမျိုးအစားကို ချမှတ်ကျင့်သုံးသင့်သည် ဟူ၍ သဘောတူညီမှု မရှိသေးပါ။ Mentee များတွင်လည်း သဘောမတူညီမှု ရှိနေသည်ကို တွေ့ရှိရသည်။ အချို့က ၎င်းတို့၏ ပါတီများအတွင်း အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပိုမိုထွက်ပေါ်လာရန် အလေ့အကျင့်များ ရှိနှင့်ပြီး ဖြစ်သည်ဟု ယုံကြည်ကြပြီး အချို့ကမူ Quotas နည်းစနစ်ကို တစ်နိုင်ငံလုံး အနေအထားနှင့် အဖွဲ့အစည်းအတွင်း ကျင့်သုံးခြင်းသည် အကောင်းဆုံး မူဝါဒဖြစ်သည်ဟု ယုံကြည်ကြသည်။ ဒေါ်ခင်စောဝေသည် ကျား/မ အရေအတွက် သတ်မှတ်ခြင်း (Gender Quotas) ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံသူ ဖြစ်ပြီး သြစတြေးလျ လေ့လာရေးခရီးမှလည်း အားကျအတုယူခဲ့ရသည်ဟုဆိုသည်။ ပရိုဂရမ်အနေဖြင့် အမျိုးသမီးများနှင့် Gender Equality ကို advocacy လုပ်နေသည့် အဖွဲ့အစည်းများ အား ချိတ်ဆက်ပေးရန်အတွက် နည်းဗျူဟာများ ရေးဆွဲရန်နှင့် Quotas ဆိုင်ရာ Advocacy campaign များကို ကူညီပံ့ပိုးရန် ပရိုဂရမ်ကို တိုးချဲ့သင့်ကြောင်း အကြံပြုအပ်ပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး (PoVAW)

အမျိုးသမီးများအပေါ်အကြမ်းဖက်မှု (VAW) နှင့်ပတ်သက်သည့် ထိရောက်သော Advocacy လုပ်ငန်းများတွင် အခရာသည် ထိရောက်စွာ ပါဝင်နေပြီဖြစ်သည်။ VAW နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အဖွဲ့၏ တွဲဖက်ဥက္ကဋ္ဌလည်းဖြစ်ပြီး အရပ်ဖက်လူမှုအဖွဲ့အစည်း (CSO) များနှင့် Mentee များနှင့်လည်း ချိတ်ဆက်မှုရှိသည်။ PoVAW ဥပဒေကြမ်းသည် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတွင် ရောက်ရှိနေပြီဖြစ်ပြီး လွှတ်တော်သို့ ပြန်လည်တင်ပြရမည့် အချိန်တွင် ကျား/မ တန်းတူရေး ရှေးရှုဆောင်ရွက်နေသူ MP များထံမှ ကူညီအားဖြည့်ခြင်းသည် အလွန်ပင်အရေးကြီးသော အဆင့်ဖြစ်ပါသည်။ အခရာ အနေဖြင့် အခါအခွင့်သင့်သလို Mentee များနှင့် တွဲဖက် ဆောင်ရွက်နေသည့် အထောက်အထားရှိသော်လည်း သီးသန့် Advocacy campaign တစ်ရပ် မဖော်ထုတ်ရသေးပါ။ ဤလေ့လာသင်ယူမှု အကျဉ်းချုပ်ကို ချပြသည့် အခါတွင် အများပါဝင်နိုင်သည့် အခမ်းအနားအဖြစ် ကျင်းပပြီး အခရာ အနေဖြင့် CSO၊ Mentee ဟောင်း၊ Mentee သစ်များကို ဖိတ်ခေါ်ပြီး နောက်ထပ်အဆင့်များအကြောင်း ဆွေးနွေးသင့်ပါသည်။

အနာဂတ်စိမ်ကိန်းပုံစံများ

ပြည်တွင်းလက်တွဲလမ်းပြခြင်းအဖြစ် ကူးပြောင်းခြင်း

ရှေ့ပြေးစမ်းသပ်အစီအစဉ်အတွက် ကနဦး နယ်ပယ်သတ်မှတ်ခြင်း ပြုလုပ်နေစဉ်အတွင်း Mentor နှင့် Mentee များသာ ရွေးချယ်ရန် ဖြစ်နိုင်မည်လားဟု လေ့လာခဲ့ကြပါသည်။ သို့သော် သင့်လျော်သော Mentor များကို အဆိုပြုနိုင်သူ မရှိခဲ့သည့်အတွက် ပရိုဂရမ်ကို အပြည်ပြည်ဆိုင်ရာ လက်တွဲလမ်းပြခြင်း အစီအစဉ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုအစီအစဉ်မှတစ်ဆင့် လုံလောက်သော Mentor များ ရှိလာပြီဆိုပါက မြန်မာပြည်တွင်း အနေအထားဖြင့်သာ လက်တွဲလမ်းပြသည့် အစီအစဉ်အဖြစ် ကူးပြောင်းယူမည်ဟု စဉ်းစားဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ လေ့လာသုံးသပ်မှုအရ ဤလက်တွဲလမ်းပြခြင်း မိုဒယ် အောင်မြင်မှု ရှိခဲ့ပြီး ဝန်ထမ်းတစ်ဦးက ဤသို့ သုံးသပ်သည် - *"အပြည်ပြည်ဆိုင်ရာမိုဒယ်ရဲ့ အကျိုးကျေးဇူးတွေက ကျမတို့ မျှော်လင့်ထားတာထက် အများကြီးပိုပါတယ်၊ MP တွေရဲ့ ကျွမ်းကျင်မှု၊ ဗဟုသုတနဲ့ ယုံကြည်မှုတွေကို ကူညီပံ့ပိုးတဲ့ နေရာမှာပေါ့။ ဘယ်အပိုင်းကို မြန်မာပြည် အနေအထားနဲ့ ကိုက်ညီအောင် ကူးပြောင်းရမလဲ ကျမတို့ တိတိကျကျ မပြောတတ်ပါဘူး"*။ သို့သော်လည်း ဤမိုဒယ်တွင်စိန်ခေါ်မှုအချို့ရှိခဲ့ပြီး ကုန်ကျစရိတ်လည်းများသည် ဖြစ်ရာ အနာဂတ်ရွေးချယ်မှုများ စဉ်းစားရာတွင် ပရိုဂရမ်ကို ပြည်တွင်း အနေအထားဖြင့် ပြုလုပ်ခြင်း (localization) အစီအစဉ်ကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရပါမည်။

အဓိကမေးခွန်း ၂ ခုမှာ -

- လက်ရှိမိုဒယ်၏ရလဒ်ကောင်းများအား ပြည်တွင်း အစီအစဉ်တွင် မည်သို့ထည့်သွင်းထိန်းသိမ်းထားပါ မည်လဲ။
- ပြည်တွင်းမိုဒယ်သည် မည်သည့်ပုံစံဖြစ်မှာပါလဲ။

လေ့လာသုံးသပ်မှု၏ တွေ့ရှိချက်များအရ ရှေ့ပြေးစမ်းသပ် အစီအစဉ်ကို အောင်မြင်စေခဲ့သည့် ရလဒ်ကောင်းများရှိသည်ဟု ကောက်ချက်ချနိုင်သည် -

- လေးစားခံရသော စံပြပုဂ္ဂိုလ်များရှိခြင်းနှင့် ထိုပုဂ္ဂိုလ်က နိုင်ငံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုတစ်ခုကို စီမံခန့်ခွဲရန် အသိအမြင်များ ပေးအပ်နိုင်ခြင်း
- အသိအမြင်ဖွင့်ပေးခဲ့သော လေ့လာရေးခရီးနှင့် ဖြစ်နိုင်ခြေ အသစ်များကို ပြသနိုင်ခဲ့ခြင်း
- အမျိုးသမီးများ အချင်းချင်း ကူညီပံ့ပိုးခြင်း
- အကြံပေးပညာရှင်များနှင့် အခရာ၊ IWDA ဝန်ထမ်းများမှ ကူညီပံ့ပိုးမှုများ

ပြည်တွင်းအနေအထားသို့ ကူးပြောင်းမည့် မည်သည့်လက်တွဲလမ်းပြခြင်းအစီအစဉ်မဆို ထိုအလေ့အကျင့်ကောင်းများကို တတ်နိုင်သမျှ ထိန်းသိမ်းထားနိုင်ရန် အရေးကြီးပေသည်။ ထို့ကြောင့် ပြည်တွင်းမိုဒယ်အတွက် အရေးပါသော အချက်အချို့ကို ထည့်သွင်းစဉ်းစားသင့်သည်ဟု အကြံပြုအပ်ပါသည်။

အခြားနိုင်ငံတစ်ခုနှင့် တရားဝင် ချိတ်ဆက်ထားမှု မရှိလျှင်တောင်မှ လေ့လာရေးခရီးတစ်ခု ပြုလုပ်ခြင်းသည် အရေးကြီးပါသည်။ ပရိုဂရမ်၏ ထင်ရှားသည့် အချက်တစ်ခုမှာ လေ့လာရေးခရီးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးများအတွက် တွေးခေါ်ယူဆမှုများ၊ လေးစားအားကျမှုများ ဖြစ်ပေါ်စေခဲ့သည်။

ပရိုဂရမ်အတွက် ဝန်ထမ်းများကို လုံလုံလောက်လောက်ခန့်ထားနိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်မည် ဖြစ်သည်။ လက်ရှိတွင် ပရိုဂရမ်ကို ကူညီပံ့ပိုးပေးနေသော အကြံပေးပုဂ္ဂိုလ် ၂ ဦးရှိသည်။ လက်တွဲလမ်းပြခြင်း Mentor-Mentee အတွဲများ ချောချောမွေ့မွေ့ လုပ်ငန်းဆောင်ရွက်နိုင်ရန် အတွက် ကောင်းမွန်လုံလောက်သော ကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်နိုင်ရန် အရေးကြီးပါသည်။

Mentor များသည် အမျိုးသမီး MP များ၏ အတွေ့အကြုံများကို နားလည်နိုင်ရမည်ဖြစ်ရာ Mentor များသည်လည်း MP များဖြစ်သင့်ပါသည်။ Mentee ဖြစ်ခဲ့ဖူးသော အမျိုးသမီးများသည် Mentor ဖြစ်လာနိုင်ခြေရှိသော်လည်း မိခင်နိုင်ငံရေးပါတီတစ်ခုတည်းမှလာသူ အချင်းချင်းသာ လက်တွဲလမ်းပြခြင်းမျိုး ပို၍ဖြစ်သွားနိုင်ပြီး ရေရှည်တွင် တိုင်းရင်းသားပါတီငယ်များအတွင်း Mentor နည်းသွားနိုင်သည်။ ရှေ့ပြေးစမ်းသပ် ပရိုဂရမ်တွင် ပါတီများ အကြား ချိတ်ဆက်လုပ်ဆောင်မှုကို အလေးထားခဲ့သည်ကို တွေ့ရှိရသည့်အတွက် အထက်ဖော်ပြပါ အခက်အခဲကို ရေရှည်နည်းဗျူဟာတစ်ရပ် ရေးဆွဲကာ ဖြေရှင်းရန် ကြိုတင်စဉ်းစားသင့်ပေသည်။

ရှေ့ပြေးစမ်းသပ်အစီအစဉ်တွင် ပါတီအသီးသီးမှ MP များအား သြစတြေးလျ Mentor များနှင့် တွဲဖက်ပေးခဲ့ပြီး အမျိုးသမီးအချင်းချင်း ကူညီပံ့ပိုးခြင်းဖြစ်သည့်အတွက် ပါတီနိုင်ငံရေးထက် ကျော်လွန် ကူညီပံ့ပိုးနိုင်ခဲ့သည်။ သို့သော် ဤမိုဒယ်ကို ပြည်တွင်း အနေအထားဖြင့် အကောင်အထည်ဖော်လျှင် ပါတီများအကြား ဆောင်ရွက်မှုဖြစ်သော်လည်း ပါတီတစ်ခုတည်းကို ကိုယ်စားပြုသူများကိုသာ Mentor နှင့် Mentee အဖြစ်ချိတ်ဆက်ပေးခြင်းဖြစ်နေပါက ပါတီနိုင်ငံရေးဘက် ဇောင်းပေးသွားပြီး Mentee များအကြား လူမျိုးရေးအရ စိတ်ဝမ်းကွဲမှုများ ဖြစ်လာနိုင်သည်။ ရှေ့ပြေးစမ်းသပ်အစီအစဉ်တွင်မှ ဤအခက်အခဲကို မကြုံတွေ့ခဲ့ရပါ။

ရှေ့ပြေးစမ်းသပ်အစီအစဉ်သည် သြစတြေးလျ၏ EMILY's List မိုဒယ်ကိုအခြေပြုသည်။ ALP သည် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ရန်ပုံငွေ ထောက်ပံ့ခြင်း၊ သင်တန်းပေးခြင်းနှင့် mentoring ပြုလုပ်ခြင်းမှတစ်ဆင့် လက်ခံအသိအမှတ်ပြုသည်။ လက်တွဲလမ်းပြခြင်း အစီအစဉ်ကို မြန်မာပြည်တွင်း မိုဒယ်အဖြစ် ကူးပြောင်းရာတွင် အထက်ဖော်ပြပါ မိုဒယ်ကို အသုံးပြု၍ ရကောင်းရနိုင်သည်။ သို့သော်လည်း ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးမှုအတွက် ကိုယ်စားလှယ် လောင်းများအား EMILY's List ၏ ထောက်ပံ့မှုသည် ရှေ့ပြေး စမ်းသပ်အစီအစဉ်နှင့် များစွာကွာခြားသည်။ EMILY's List နည်းလမ်းကို အကောင်အထည်ဖော်ရန်အတွက် အတွေ့အကြုံရှိ MP ဟောင်းများ (သို့မဟုတ်) လက်ရှိ MP များက Mentor အဖြစ် လုံလုံလောက်

လောက် ပူးပေါင်းဆောင်ရွက်မှု တည်ရှိနေရန် လိုအပ်သည်။ အင်တာဗျူးဖြေကြားခဲ့သည့် ဩစတြေးလျ Mentee များ ပြောကြားချက်အရ EMILY's List တွင် Mentor အဖြစ် ပါဝင်ဆောင်ရွက်သူ မည်သည့် MP မဆို လွှတ်တော်တွင် MP အဖြစ် ဆက်လက်တည်ရှိရန် သေချာသူဖြစ်ရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် Mentor သည် ၎င်း၏ ထပ်မံရွေးချယ်ခံခြင်း ရွေးကောက်ပွဲ (re-election) ကာလတွင်ပင် Mentee ၏ မဲဆွယ် စည်းရုံးမှုများတွင် ပါဝင်နေရသည်ဖြစ်ရာ အဆိုပါ Mentor သည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်တည်ရှိရန် သေချာနေသည့် MP ဖြစ်ရန် လိုအပ်သည်။ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီနနယ်သေးသည့် နိုင်ငံတွင်မူ MP များ၏ ရွေးကောက်ပွဲ အနိုင်အရှုံးမှာ ရွေးကောက်ပွဲ ပြီးဆုံးသည့် အချိန်မှသာ သိရှိနိုင်သည်။ သို့အတွက်ကြောင့် သင့်လျော်သော Mentor အရေအတွက်ရရှိရန် အခက်အခဲဖြစ်စေနိုင်သည်။

ဤစည်းစားချက်များအရ ပြည်တွင်းလက်တွဲလမ်းပြခြင်း မိုဒယ်သည် ရှေ့ပြေးစမ်းသပ်အစီအစဉ်နှင့် မတူဘဲ ကွဲပြားနိုင်သည်ဟု တွေ့မြင်နေရသည်ဖြစ်ရာ အဆိုပါ ပြည်တွင်းမိုဒယ်ကို အမှန်တစ်ကယ် အကောင်အထည်မဖော်မီ စမ်းသပ်မှု ပြုလုပ်သင့်ကြောင်း အကြံပြုအပ်ပါသည်။ ပြည်တွင်းမိုဒယ်သည် Mentor အဖြစ် တာဝန်ယူမည့် အမျိုးသမီးအရေအတွက်အပေါ်တွင် မူတည်နေသည်ဟု ဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။ ဤအချက်သည် မှန်ကန်သော်လည်း ပြည်တွင်းအစီအစဉ်အတွက် ပရိုဂရမ်နောက်တစ်ဆင့်တွင် မတူကွဲပြားသော မိုဒယ်အမျိုးမျိုးကို စူးစမ်းရှာဖွေသင့်ကြောင်း၊ ၎င်းတို့အလားအလာများကို Scoping ပြုလုပ်သင့်ကြောင်း အကြံပြုအပ်ပါသည်။ သို့မှသာလျှင် ပြည်တွင်းမိုဒယ် မည်သည့် အမျိုးအစားကို မည်သည့်အချိန်တွင် ပြုလုပ်မည်ဟူသော အထောက်အထား အခြေပြု ဆုံးဖြတ်ချက်များချမှတ်နိုင်မည် ဖြစ်ပါသည်။

အလုပ်သင်အစီအစဉ်မှတစ်ဆင့် ကူညီပံ့ပိုးပေးမည့် ဝန်ထမ်း ပေးအပ်ခြင်း

အစီရင်ခံစာတစ်လျှောက် ထောက်ပြခဲ့သည့်အတိုင်း MP များသည် အရင်းအမြစ် အလွန်နည်းပါးသည့် ပြဿနာများကို ရင်ဆိုင်နေရပြီး ၎င်းတို့အတွက် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် သုတေသနဆိုင်ရာ ဝန်ထမ်းတစ်ဦးတစ်ယောက်မျှ မရှိပါ။ လက်တွဲလမ်းပြခြင်းသည် အလွန်တန်ဖိုးရှိသော်လည်း အရင်းအမြစ်များ မရှိမှုကြောင့် Mentor များ၏ အကြံပေးလမ်းညွှန်ချက်အချို့ကို လက်တွေ့ပြုလုပ်ရန် MP များအတွက် ခက်ခဲလှသည့်အပြင် အရာအားလုံးကို ကိုယ်တိုင်စီမံနေရမှုကြောင့် Mentor များနှင့် ဆက်သွယ်ဆွေးနွေးရမည့် အချိန်ကိုလည်း အကန့်အသတ်ဖြစ်စေသည်။ အနာဂတ်မိုဒယ်များတွင် အမျိုးသမီးခေါင်းဆောင်များ ဖြစ်လာစေရေး ရည်စူးကာ အလုပ်သင်အစီအစဉ်ကိုပါ ထည့်သွင်းပေါင်းစည်းသင့်သည်ဟု IWDA ကအဆိုပြုထားပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဆိုပါအလုပ်သင်များကို ပေးအပ်နိုင်သည့် အဖွဲ့အစည်းများရှိသည်။ သို့သော်လည်း ထိုအစီအစဉ်မျိုးကို ကြိုးစားခဲ့ဖူးသည့် အဖွဲ့အစည်းများ ရှိခဲ့ဖူးပြီး မအောင်မြင်ခဲ့ဟု သက်ဆိုင်ပါဝင်သူ တစ်ဦးက ရှင်းပြခဲ့သည့်အတွက် အချိန်ပေးရင်းနှီးမြှုပ်နှံကာ ထိုမိုဒယ်ကို အသေးစိတ် လေ့လာရန်နှင့် ရှေ့ပြေးစမ်းသပ်ရန် အရေးကြီးသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း MP များသည် ၎င်းတို့၏ နေပြည်တော် လွှတ်တော်အချိန်ဇယားနှင့် ၎င်းတို့ မဲဆန္ဒနယ်၏ လိုအပ်ချက်၊ တောင်းဆိုချက်များကို စီမံခန့်ခွဲနိုင်ရန် ရုန်းကန်နေရသည်။ ထို့ကြောင့် နေပြည်တော်နှင့် ၎င်းတို့ မဲဆန္ဒနယ်တွင် ကူညီပံ့ပိုးသူ ဝန်ထမ်းရှိရန် လိုအပ်ပြီး အဆိုပါလိုအပ်ချက်ကို အလုပ်သင် အစီအစဉ်က တစ်စိတ်တစ်ပိုင်း ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ မည်သည့် လက်တွဲလမ်းပြခြင်း မိုဒယ်မဆို MP များအတွက် ကူညီပံ့ပိုးပေးနိုင်မှုနှင့် ကြိုးစားလေ့လာလိုသူ အမျိုးသမီးခေါင်းဆောင်များ အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မှုလည်း ရှိရန်လိုအပ်သည်။

MP နှင့် အလုပ်သင်အကြား လက်တွဲလမ်းပြခြင်းပုံစံဖြင့် ဆက်ဆံရေးတည်ဆောက်ခြင်းဖြစ်သော်လည်း အများအားဖြင့် MP သည် အလုပ်သင်၏ မန်နေဂျာကဲ့သို့ ဖြစ်နေနိုင်သဖြင့် ဩစတြေးလျနှင့် မြန်မာ MP များအကြား တည်ဆောက်ခဲ့သည့် လက်တွဲလမ်းပြခြင်း ဆက်ဆံရေးနှင့် အလွန်ကွဲပြားခြားနားသွားမည် ဖြစ်ပါသည်။ ပရိုဂရမ်အနေဖြင့် အင်အားကွဲပြားမှု အနေအထားကို (power dynamics) ထည့်သွင်းစဉ်းစားပြီး ထိုအခြေအနေများ ဖြစ်ပေါ်လာပါက စီမံခန့်ခွဲနိုင်ရန် လိုအပ်ပါသည်။ မဲဆန္ဒနယ်များတွင် အလုပ်သင်များအား နေရာချထားမည် ဆိုပါက MP များနှင့် ဒေသခံတို့၏ အခက်အခဲများအား ပိုမိုကောင်းမွန်စွာ ချိတ်ဆက်ရန် အဆိုပါ အလုပ်သင်က ကူညီပေးနိုင်သည်။ သို့သော် ဆက်သွယ်ရေး ခက်ခဲခြင်းနှင့် ခရီးဝေးကွာခြင်းကြောင့် အလုပ်သင်များအား ကူညီပံ့ပိုးနိုင်မှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ မဲဆန္ဒနယ်များတွင် အလုပ်သင်များအား နေရာချထားမည် ဆိုပါက အဆိုပါ အလုပ်သင်သည် မိမိကိုယ်ကို အားကိုးအားထားပြုသူ၊ ကူညီပံ့ပိုးမှု (input) အနည်းဆုံးကိုသာလျှင် လိုအပ်သူဖြစ်သင့်ပါသည်။

ထို့အပြင် နိုင်ငံရေးအကျဉ်းချုပ်များ၊ ပြောကြားရန်အချက်များနှင့် အခြားနိုင်ငံရေးမှတ်တမ်းများ ရေးသားရာတွင် ကျွမ်းကျင်မှုရှိရန် လိုအပ်သကဲ့သို့ အဆိုပါကျွမ်းကျင်မှုရှိရန်လည်းအချိန်ပေးရသည်။ အလုပ်သင် များအတွက်ကိုပါ MP အနေဖြင့် အချိန်များစွာ ပေးနေရပါလျှင် MP များအပေါ် မလိုအပ်ဘဲ အလုပ်ဝန်ပိစေပြီး 'Mentee များကို ကူညီပေးသည့် ဝန်ထမ်းပေးအပ်ရန်' ဟူသည့် ရည်ရွယ်ချက်နှင့် ပြောင်းပြန်ဖြစ်သွားနိုင်ပါသည်။ အလုပ်သင်အစီအစဉ်သည် နှစ်ဦးနှစ်ဖက်စလုံးကို အကျိုးရှိစေရန်အတွက် စွမ်းဆောင်ရည်မြှင့်မှုများ လိုအပ်မည်ဖြစ်သည်။ အောက်ပါအချက်များပါဝင်နိုင်ပါသည် -

- ဩစတြေးလျ MP များ၏ ဝန်ထမ်းများနှင့် အလုပ်သင်များကို တွဲဖက်၍ လက်တွဲလမ်းပြခြင်း အစီအစဉ်တစ်ရပ်
- အတွေ့အကြုံရှိ မဲဆွယ်စည်းရုံးသူ/ပြည်သူ့ဝန်ထမ်း (သို့) MP များကို ကူညီပံ့ပိုးခြင်းဆိုင်ရာလက်တွေ့ အတွေ့အကြုံရှိသူ တစ်စုံတစ်ဦးထံမှ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကူညီပံ့ပိုးမှု
- MP များကို ကူညီရန် အလုပ်သင်များ နည်းပညာပိုင်း ကျွမ်းကျင်မှုရှိလာရန် လက်တွေ့လေ့ကျင့်နိုင်သည့် မိတ်ဆက်အစီအစဉ်

ဓါတ်ပုံ - မြန်မာနှင့်ဩစတြေးလျ MP များ၊ ၂၀၁၇။ ဓါတ်ပုံ - ရွှေဝတ်မှုန်

အကြံပြုချက်များ

အပွဲအစည်းအဝေး အကြံပြုချက်များ

၁ လက်တွဲလမ်းပြခြင်း အစီအစဉ်တစ်ခုတည်းဖြင့် မဖြေရှင်းနိုင်သော အရင်းအမြစ်ဆိုင်ရာ များပြားသော စိန်ခေါ်မှုများကို MP များ ရင်ဆိုင်နေရသည်။ ပရိုဂရမ်သည် မြန်မာနိုင်ငံရှိ အခြား NGO များနှင့် တရားဝင် မိတ်ဖက်များအဖြစ် ပူးပေါင်းကာ ကူညီပံ့ပိုးမှုများကို တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။

၂ လက်တွဲလမ်းပြခြင်း အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံရေးကျွမ်းကျင်မှုအပိုင်းတွင် ပို၍ရင်းနှီးမြှုပ်နှံပါ။ ထိုသို့ ပြုလုပ်နိုင်ရန် အခရာအဖွဲ့အတွက် အကြံပေးပညာရှင်တစ်ဦး ပေးအပ်ကာ ယခုထက် ပိုမိုအင်အားတောင့်တင်းစေပြီး နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်အကူအညီများ ပေးအပ်နိုင်မည်ဖြစ်သည်။ တစ်နစ်အတွင်း နေပြည်တော်တွင် Mentee များနှင့် မျက်နှာစုံညီ အစည်းအဝေးများ ကျင်းပကာ သတင်းအချက်အလက် မျှဝေခြင်း၊ ဥပဒေနှင့် မူဝါဒပိုင်းဆိုင်ရာ Advocacy ကို ကျွမ်းကျင်မှုရှိစွာ ပြုလုပ်နိုင်ရန် နည်းဗျူဟာများ ဆွေးနွေးခြင်းတို့ ပြုလုပ်သင့်ပါသည်။

၃ ဝန်ထမ်းတစ်ဦးကို Mentee တစ်ဦးအတွက် ပေးအပ်ရန်စဉ်းစားသင့်ပြီး Mentee ၏ စီမံအုပ်ချုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး/ စာရင်း ဇယားအစီအစဉ်များနှင့် သုတေသနပိုင်းဆိုင်ရာတွင် အကူအညီပေးနိုင်ရန်အတွက် ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ရန် နည်းလမ်းများ ရှိပါသည် -

က။ နေပြည်တော်တွင် အလုပ်သင်အစီအစဉ်မှ တစ်ဆင့်WLB သို့မဟုတ် DIPD သို့မဟုတ် DFAT ကျောင်းသားဟောင်းများအား Mentee များ၏ စီမံအုပ်ချုပ်မှုပိုင်းနှင့် သုတေသန လိုအပ်ချက်များအတွက် ကူညီပံ့ပိုးနိုင်မည့် ဝန်ထမ်းအဖြစ် မိတ်ဆက်ခြင်း

ခ။ Mentee တို့၏ မဲဆန္ဒနယ်မှ ၎င်းတို့အတွက် ငယ်ရွယ်သည့် ဝန်ထမ်းအဖြစ် ကူညီပေးမည့် သူတစ်ဦးကို ပရိုဂရမ်အနေဖြင့် ငှားရမ်းပေးရန် ဖြစ်နိုင်ခြေကို စူးစမ်းလေ့လာပါ။ အဆိုပါ ဝန်ထမ်းသည် အနာဂတ်တွင် နိုင်ငံရေးပါတီသို့ ဝင်ရောက်ရန် စိတ်ဝင်စားမှုရှိသူ ဖြစ်နိုင်သည်။

ရွေးချယ်မှု တစ်ခုစီတိုင်းတွင် စီမံခန့်ခွဲခြင်းနှင့် စာရင်းဇယားဆိုင်ရာ ကူညီပံ့ပိုးမှုပိုင်း ကျွမ်းကျင်ရန် လိုအပ်သည့်အတွက် ရှေ့ပြေးစမ်းသပ်မှု ပြုလုပ်ရပါမည်။ သို့မှသာလျှင် အရင်းအမြစ် ဖြည့်ရုံသက်သက်မဟုတ်ဘဲ Mentee နှင့် အလုပ်သင် နှစ်ဖက်စလုံးအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။

၄ ပြည်တွင်း၌လက်တွဲလမ်းပြခြင်းဖြစ်နိုင်ခြေ ရှိ/မရှိကို ပရိုဂရမ်၏နောက်အဆင့်တွင် သုတေသနပြုရန် အရေးကြီးပါသည်။ သင့်လျော်မည်ဆိုပါက ပြည်တွင်းလက်တွဲ လမ်းပြခြင်းပါဝင်သည့် ရေရှည်နည်းဗျူဟာတစ်ရပ်အတွက် Scoping research ပြုလုပ်သင့်ပါသည်။

လက်တွေ့ဆောင်ရွက်ခြင်းဆိုင်ရာ အကြံပြုချက်များ

၅ လက်တွဲလမ်းပြခြင်း ပရိုဂရမ်အတွက် စိတ်ဝင်စားတက်ကြွမှုရှိသော စကားပြန်/ဘာသာပြန်တစ်ဦး ငှားရမ်းသင့်ပါသည်။ အဆိုပါ စကားပြန်/ဘာသာပြန်၏ တာဝန်မှာ Mentor နှင့် Mentee များအတွက် စကားပြန်/ဘာသာပြန် ဝန်ဆောင်မှုကိုသာ ပေးအပ်ရန်ဖြစ်ပြီး ညှိနှိုင်းရေးအလုပ်များ၊ စာရင်းဇယားနှင့် အခြားပရိုဂရမ် အလုပ်များ မပြုလုပ်သင့်ပါ။

၆ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ်ကို မြှင့်တင်ပါ။ ပရိုဂရမ်၏ အကျိုးသက်ရောက်မှုကို လေ့လာစောင့်ကြည့်သည့် နည်းလမ်းများ သတ်သတ်မှတ်မှတ် ရှိရန်လိုအပ်ပါသည် - မီဒီယာတွင် လေ့လာစောင့်ကြည့်ခြင်း၊ Advocacy ဆိုင်ရာ မျက်ချေမပြတ် စောင့်ကြည့်ခြင်းတို့ အပါအဝင် ဖြစ်သည်။

၇ အခရာအဖွဲ့၏ အခြားလုပ်ငန်းများတွင်လည်း ဤပရိုဂရမ်အကြောင်း streamline ပြုလုပ်ခြင်းနှင့် ထိုအခြားလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေကိုလည်း စဉ်းစားသင့်ပေသည်။ စိတ်ဝင်စားမှုရှိပါလျှင် Mentee တစ်ဦးချင်း၏ မဲဆန္ဒနယ်တွင် လိင်ပိုင်းဆိုင်ရာ ဆွေးနွေးမှု စကားဝိုင်း (sexuality dialogue) ပြုလုပ်ပြီး အမျိုးသမီးမဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအကြား ချိတ်ဆက်မှုပြုလုပ်သင့်သည်။

ရည်ညွှန်းကိုးကားချက်များ

Allen, T, L Eby, M Poteet, and E Lentz. "Career Benefits Associated With Mentoring for Prote´ge´s: A Meta-Analysis." Journal of Applied Psychology, 2004: 127-136.

Cagna, P, and N Rao. "Feminist mobilisation for policy change on violence against women: insights from Asia." Gender and Development, 2016: 227-290.

Chao, G. "Mentoring Phases and Outcomes." Journal of Vocational Behavior, 1997: 15-28.

Eby, L, S McManus, S Simon, and J Russell. "The Protege's Perspective Regarding Negative Mentoring Experiences: The Development of a Taxonomy." Journal of Vocational Behavior, 2000: 1-21.

Kabeer, N. "Gender equality and women's empowerment: A critical analysis of the third millennium development goal 1." Gender and Development, 2005: 13:1, 13-24.

Kram, K. Mentoring at work: Developmental relationships in organizational life. Glenview, IL: Scott, Foresman and Company. Glenview, IL: Scott, Foresman and Company, 1985.

Kruikemeier, S, K Gattermann, and R Vliegenthart. "Understanding the dynamics of politicians' visibility in traditional and social media." The Information Society, 2018: 215-228.

အင်တာဗျူးတရင်း

အမှတ်စဉ်	အမည်	အဖွဲ့အစည်း/တာဝန်
၁	Cheery Zahau	နိုင်ငံရေးဆိုင်ရာလက်တွဲလမ်းပြမှုအစီ အစဉ်၏ အကြံပေးပုဂ္ဂိုလ်
၂	Leonie Morgan AM	နိုင်ငံရေးဆိုင်ရာလက်တွဲလမ်းပြမှုအစီ အစဉ်၏ အကြံပေးပုဂ္ဂိုလ်
၃	ဆွေဝင့်ပိုင်	National Democratic Institute (NDI)
၄	ဦးအောင်မင်း	တအန်းအမျိုးသားပါတီ (TNP)
၅	ဦးသာထွန်းလှ	ရခိုင်အမျိုးသားပါတီ (ANP)
၆	စိုင်းညွှန့်လွင်	ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
၇	ဒေါ်ထားထား	အခရာအမျိုးသမီးအဖွဲ့တည်ထောင်သူ၊ ဒါရိုက်တာ
၈	နန်းစန္ဒီမွန်း	စီမံကိန်းညှိနှိုင်းရေးမှူး၊ အခရာ
၉	ခိုင်လေး	ဘဏ္ဍာရေးမှူး၊ အခရာ
၁၀	ခိုင်သဇင်မြင့်	DIPD
၁၁	Anouska Charles	သြစတြေးလျနိုင်ငံခြားရေးရာနှင့် ကုန်သွယ်မှုဌာန (DFAT)
၁၂	နန်းခင်စော	ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
၁၃	ဒေါ်နန်းထွေးသူ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)
၁၄	ဒေါ်နန်းမိုး	တအန်းအမျိုးသားပါတီ (TNP)
၁၅	ဒေါ်ခင်ဆွေလွင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)
၁၆	ဒေါ်ခင်စောဝေ	ANP
၁၇	Philipp Annawitt	ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)
၁၈	ဒေးမြာ	အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB)
၁၉	Jen Clark	အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (IWDA)
၂၀	Judith Graley (MP)	သြစတြေးလျအလုပ်သမားပါတီ (ALP)
၂၁	(Senator) Claire Moore	အထက်လွှတ်တော်အမတ်၊ ALP ပါတီ
၂၂	Dr Lesley Clarke	သြစတြေးလျအလုပ်သမားပါတီ (ALP)
၂၃	(Former Senator) Penny Wright	အထက်လွှတ်တော်အမတ်ဟောင်း၊ လက်ရှိ Australian Greens အဖွဲ့
၂၄	Ann Sudmalis (MP)	သြစတြေးလျလစ်ဘရယ်ပါတီ (Liberal Party of Australia)

Level 1, 250 Queen Street
Melbourne VIC 3000

1300 661 812
iwda@iwda.org.au
www.iwda.org.au

ABN 19 242 959 685
ACN 126 216 165

IWDA INTERNATIONAL WOMEN'S DEVELOPMENT AGENCY